# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၄/၂၀၂၃**

myantrade

**၂၀၂၃ ခုနှစ်၊ ဧပြီလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ကသာခရိုင်တွင် ပဲပုပ်သီးနှံ စတင်ရိတ်သိမ်းချိန် ဈေးကောင်းရ
- ရောင်းဝယ်မှု အားကောင်းနေသော စတော်ဘယ်ရီဈေးကွက်

**နိုင်ငံတကာဈေးကွက်**

- ကမ္ဘာ့အကောင်းဆုံးဆန်ဆု (၅) ကြိမ်ရ ကမ္ဘောဒီးယားဆန် Phka Rumduol
- တည်ငြိမ်သော ပို့ကုန်မူဝါဒများ ထားရှိရန် အာရှစားအုန်းဆီဝယ်သူများက တောင်းဆို
- ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် “STYLE Bangkok 2023” ဖွင့်လှစ်ကျင်းပ
- ထိုင်းစံပယ်ဆန်မွှေး အတုထုတ်သည့် တရုတ်စက်ရုံများကို ထိုင်းနိုင်ငံက တရားစွဲမည်
- ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ Supply Chain ကွင်းဆက်၊ ကြီးမားသောပရောဂျက်များ၊ စွမ်းအင်ကဏ္ဍနှင့် အဆင့်မြင့်နည်းပညာများတွင် တရုတ်နှင့် ရုရှား ပူးပေါင်းဆောင်ရွက်သွားမည်
- ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ဟောင်ကောင်ပို့ကုန်လုပ်ငန်းရှင်များ၏ စီးပွားရေးအမြင် တိုးတက်လာ
- ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ ပြောကြား
- ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုကို လျှော့ပါးသက်သာစေရန်အတွက် ယန်း ၂ ထရီလီယံ သုံးစွဲသွားမည်
- G-20 အစည်းအဝေးများတွင် ရူပီးနှင့် ကုန်သွယ်မှုကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အဆင့်မြင့်အရာရှိကြီးကပြောကြား
- တရုတ်နိုင်ငံ၊ Tianjin မြို့တွင် နိုင်ငံတကာမျိုးစေ့ပြပွဲ ကျင်းပခဲ့
- ဒူးရင်းသီး၏အရည်အသွေးကိုထိန်းထားရန် ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် စိတ်အားထက်သန်လျက်ရှိ
- အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ကုန်စည်များဈေးကွက်ဝင်ရောက်မှု လျော့နည်းပြီး ကုန်ဈေးနှုန်းမြင့်တက်လာနိုင်ဟုခန့်မှန်း
- တောင်ကိုရီးယားနိုင်ငံမှ Lotte သည် အမည်အသစ်ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ချဲ့ထွင်မည်
- မဲခေါင်သိပ္ပံ (Mekong Institute-MI)မှကျင်းပပြုလုပ်သည့် “Webinar on Advancing Sustainable Development in the Lancang-Mekong Region through Global Development Initiative” သို့ ပါဝင် တက်ရောက်ခြင်း
- ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းမြင့်တက်ခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှုမရှိသော ကုမ္ပဏီများအနေဖြင့် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်များလိုက်နာနိုင်ရေးနှင့် လက်ရှိတွေ့ကြုံနေရသည့်အခက်အခဲများ တင်ပြနိုင်ရေး အဆိုပါကုမ္ပဏီများနှင့် ဗဟိုဘဏ်ဆွေးနွေး
- လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ
- ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုသတင်း

**ပြည်ပကုန်သွယ်မှုသတင်း**

- ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်း တင်ပို့မှုနှင့် သွင်းကုန်ပစ္စည်း တင်သွင်းမှုအခြေအနေ
- စတုတ္ထအကြိမ် မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၁၆
http://www.myantrade.org
myantradetir2018@gmail. com

ကျင်းပရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အထူးဆောင်းပါးများ**

- တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ် ထုတ်လုပ်မှု တိုးတက်စေရေးမူဝါဒ ထုတ်ပြန်

**အမိန့်ကြော်ငြာစာများ**

- သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်များ တင်သွင်းမှုနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ထားသည့်ကိစ္စအား ပြင်ဆင်ထုတ်ပြန်
- ကုန်ပစ္စည်းတင်သွင်းသူ ကုမ္ပဏီ၊ လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း
- အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှု အခကြေးငွေသတ်မှတ်ခြင်း

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ကသာခရိုင်တွင် ပဲပုပ်သီးနှံ စတင်ရိတ်သိမ်းချိန် ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲပုပ်သီးနှံစိုက်ဧကစုစုပေါင်း ၅၃၅၉ ဧက စိုက်ပျိုးခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လပထမပတ်၌ စတင်ရိတ်သိမ်းကြောင်း၊ ပဲပုပ်သီးနှံသည် အကြမ်းခံသောဆီထွက်သီးနှံဖြစ်သည့်အပြင် အခြားပဲသီးနှံများထက် စိုက်ပျိုးကုန်ကျစရိတ်လျော့နည်းသော သီးနှံဖြစ် ကြောင်းသိရသည်။

ပဲပုပ်သီးနှံကို စက်တင်ဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လနှင့်ဧပြီလများတွင် ရိတ်သိမ်းကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ပဲပုပ်သီးနှံ တစ်ဧကလျှင် (၄) သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပဲပုပ်သီးနှံ တစ်ဧကလျှင် ၁၅ တင်း ထွက်ရှိပြီး ဒေသတွင်း တစ်တင်းဈေးနှုန်းမှာ ၇၀၀၀၀ ကျပ်ရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ၆၅၀၀၀၀ ကျပ် ရရှိကြောင်းသိရသည်။ ပဲပုပ်သီးနှံကို အများအားဖြင့် မန္တလေးအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချ ကြပြီး ဒေသတွင်း ပဲပုပ်လုပ်ငန်းရှင်များကလည်း ဝယ်ယူသိုလှောင်ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/update-news-local-trade/

### ရောင်းဝယ်မှု အားကောင်းနေသော စတော်ဘယ်ရီဈေးကွက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၏ ဒေသထွက်ကုန်တစ်ခုဖြစ်သော စတော်ဘယ်ရီသီးနှံသည် ဇန်နဝါရီလလယ်မှစတင်၍ ထွက်ပေါ်ခဲ့ရာ လက်ရှိတွင် လှိုင်လှိုင်ထွက်ပေါ်နေပြီး ရောင်းအား အကောင်းဆုံးဖြင့် အကျိုးအမြတ်ရရှိနေကြောင်း၊ ယခင်နှစ်၌ စတော်ဘယ်ရီသီးနှံ (၂၀၀)ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် (၂၃၀)ဧကဖြင့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် သွင်းအားစုနှင့် အလုပ်သမားစရိတ်များ နှစ်ဆကျော်ကုန်ကျသော်လည်း တောင်သူအများစုမှာ မိရိုးဖလာအစဉ်အဆက် ဆက်လက်စိုက်ပျိုးနေကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် စတော်ဘယ်ရီ (၁)ဧကလျှင် ကျပ်(၂၅-၃၀) သိန်းခန့်ကုန်ကျကြောင်း၊ အကျိုးအမြတ်အနေဖြင့် ကျပ်(၁၅-၂၀)သိန်း ရရှိပြီး စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ (၇)လကျော်ကြာမြင့်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် စတော်ဘယ်ရီသီး စတင်ထွက်ပေါ်ချိန်တွင် စတော်ဘယ်ရီချိုမွှေးသီး(၁) ပိဿာလျှင်(၁၅၀၀၀)ကျပ်၊ စတော်ဘယ်ရီ ရိုးရိုးအကျွတ်သီး (၁)ပိဿာလျှင်(၁၃၀၀၀)ကျပ်၊ စတော်ဘယ်ရီ ဖျော်ရည်သီး (ဒေသမျိုး) (၁)ပိဿာလျှင်(၁၂၀၀၀)ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် စတော်ဘယ်ရီ ချိုမွှေးသီး(၁)ပိဿာလျှင်(၁၂၀၀၀)ကျပ်၊ စတော်ဘယ်ရီ ရိုးရိုးအကျွတ်သီး (၁)ပိဿာလျှင် (၇၀၀၀)ကျပ်၊ စတော်ဘယ်ရီဖျော်ရည်သီး(ဒေသမျိုး)(၁)ပိဿာလျှင်(၆၅၀၀)ကျပ်ဈေးနှုန်းများဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။ DOCA (မန္တလေး)

Source: https://commerce.gov.mm/my/article/update-news-local-trade/

## နိုင်ငံတကာဈေးကွက်

### ကမ္ဘာ့အကောင်းဆုံးဆန်ဆု (၅) ကြိမ်ရ ကမ္ဘောဒီးယားဆန် Phka Rumduol

ကမ္ဘောဒီးယားဆန် Phka Rumduol ဟာ ကမ္ဘာ့ဆန်ညီလာခံကပေးတဲ့ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကိုရတာ ၅ ကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်လည်း ပူပူနွေးနွေး ဆုရထားတာပါ။ Phka Rumduol ဟာ ဆန်စရှည်သွယ် ဂျက်စမင်အမျိုးအစားဖြစ်ပြီး ကမ္ဘာ့ဆန် ဝယ်ယူစားသုံးသူတွေရဲ့ ထိပ်တန်းရွေးချယ်မှုတွေထဲကတစ်ခု ဖြစ်နေတာပါ။ ဒီဆန်ဟာ ကမ္ဘောဒီးယားရဲ့ ပြည်ပတင်ပို့ရန့်မွှေးဆန်အမျိုးအစား‘Angkor Malys’ ထဲကတစ်ခု လည်းဖြစ်ပါတယ်။

ဒီဆန်အမျိုးအစားကို ၁၀ နှစ်ကြာ တိုးတက်ဖွံ့ဖြိုးမှု စမ်းသပ်စစ်ဆေးမှုတွေပြုလုပ်အပြီး ၁၉၉၉ ခုနှစ်မှာ တောင်သူ သီးသန့်အသုံးပြုဖို့ ထုတ်ပေးခဲ့တာဖြစ်တယ်လို့ ကမ္ဘောဒီးယားစိုက်ပျိုးရေးနှင့် သုတေသနအဖွဲ့အစည်းကဆိုပါတယ်။ သူ့ရဲ့ စားသုံးမှုအရည်အသွေးအနေနဲ့တော့ ထမင်းစရှည်၊ ရနံ့မွှေးပြီး ရေစုပ်ယူမှုကောင်း(အိုးတက်)တယ်လို့ ဆိုပါတယ်။ စားသုံးသူ အကြိုက် ဆန်အမျိုးအစားတစ်ခုဖြစ်ပြီး ဈေးနှုန်းအနေနဲ့တော့ ကမ္ဘောဒီးယားပြည်တွင်းဈေးတွေမှာ ၂ ကီလိုတစ်အိတ်(၁ ပြည်ခန့်) ကို ၃ ဒေါ်လာ (မြန်မာကျပ်ငွေ ၈၅၀၀ ခန့်) ရှိတယ်လို့ သိရပါတယ်။

Phka Rumduol ဆန်အနေနဲ့ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ၂၀၁၂ ကနေ ၂၀၁၄ အထိ ၃ နှစ် ဆက်တိုက် ရရှိခဲ့တာပါ။ (၂၀၁၃ နဲ့ ၂၀၁၄ တွေမှာတော့ အမေရိကန်ဆန် US Calrose နဲ့ ထိုင်းဆန် Thai Hom Mali ဆန်တို့နဲ့ ပူးတွဲဆုရခဲ့တာပါ)။ အဲဒီနောက် ၂၀၁၅ ကနေ ၂၀၁၇ အထိမှာတော့ ဒုတိယအကောင်းဆုံးဆန်အဖြစ် သုံးနှစ်ဆက်တိုက် ဆက်လက်ရပ်တည်ခဲ့ပြီး ၂၀၁၈ မှာ အကောင်းဆုံးဆုကို ပြန်ရခဲ့တာပါ။ အခု ၂၀၂၂ ခုနှစ် မှာတော့ ၅ ကြိမ်မြောက် အကောင်းဆုံးဆုကို ထပ်မံရရှိခဲ့တာ ဖြစ်ပါတယ်။

“ဒီဆန်ရဲ့ ဂုဏ်သတင်းကျော်စောမှုက ကမ္ဘောဒီးယားဆန်အရည်အသွေးကို ဆက်လက်တိုးမြှင့်စေဖို့ ကူညီပေးသွားနိုင်မှာပါ”လို့ ကမ္ဘောဒီးယားဆန်စပါးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌက ပြောထားပါတယ်။ ကမ္ဘာ့ဆန်ညီလာခံကပေးတဲ့ ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကို မြန်မာ့ဆန်အမျိုးအစား ရွှေဘိုပေါ်ဆန်းလည်း ၂၀၁၁ ခုနှစ် ကရရှိဖူးတယ်လို့ သိရပါတယ်။

Source: https://greenwaymyanmar.com

Source: https://myantrade.gov.mm/article/Naypyitaw_23032023_1028

### တည်ငြိမ်သော ပို့ကုန်မူဝါဒများ ထားရှိဖို့ အာရှစားအုန်းဆီဝယ်သူများက တောင်းဆို

စားအုန်းဆီဝယ်လက်များ၏ အဖွဲ့အစည်းဖြစ်သည့် Asian Palm Oil Alliance (APOP) သည် ယမန်နှစ်က စားအုန်းဆီတင်ပို့သည့် နိုင်ငံများတွင် မူဝါဒများပြောင်းလဲမှုများကြောင့် စားအုန်းဆီရောင်းဝယ်မှု မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် စာအုန်းဆီထုတ်လုပ်သောနိုင်ငံများအား တည်ငြိမ်သောပို့ကုန်မူဝါဒများချမှတ်ရန်လိုလားကြောင်း အဆိုပါအဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာတို့သည် လက်ရှိ APOP အဖွဲ့ဝင်များဖြစ်သည်။

အာရှစားအုန်းဆီ မဟာမိတ်အဖွဲ့သည် ဝယ်လက်နိုင်ငံများ ပိုမိုပါဝင်ကြစေလိုကြောင်း APOP ဥက္ကဋ္ဌ Atul Chaturvedi က ကွာလာလမ်ပူတွင် ပြုလုပ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားခဲ့သည်။ တင်သွင်းသည့် နိုင်ငံများသည် စားအုန်းဆီကြိမ်းများ သန့်စင်ရန် စက်ရုံများတည်ဆောက်ကာ လုပ်ကိုင်လျက်ရှိကြသည်။ သို့သော် စားအုန်းဆီကြမ်းကို ဆီသန့်ထက် ပို့ကုန်ခွန်ပိုမိုစည်းကြပ်ထားသည်။ သန့်စင်ပြီး စားအုန်းဆီဝယ်ယူခြင်းသည် စားအုန်းဆီကြမ်းအဆင့်ဝယ်ယူခြင်းထက် ဈေးသက်သာနေစေသည်ဟု Chaturvedi က ပြောသည်။

“စားအုန်းဆီကြမ်းအပေါ် အခွန်ပိုမြှင့်ထားတာကြောင့် တင်သွင်းတဲ့နိုင်ငံတွေမှာ စားအုန်းဆီ သန့်စင်တဲ့ စက်ရုံတွေကို ရပ်နားထားရတယ်။ စားအုန်းဆီတင်ပို့တဲ့နိုင်ငံတွေက ဝယ်သူများကိုထိခိုက်စေတဲ့ ဈေးနှုန်းသတ်မှတ်ပုံကို စဉ်းစားသုံးသပ်ပေးဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမှ ချမှတ်ထားသော ပို့ကုန်များကို ရုတ်တရက် တားမြစ်ခြင်းကဲ့သို့သော ပို့ကုန်မူဝါဒများ ရုတ်တရက် ပြောင်းလဲမှုသည် သွင်းကုန်နိုင်ငံများရှိ ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ပေးရုံသာမက အင်ဒိုနီးရှားနိုင်ငံမှ စိုက်ခင်းလုပ်ကိုင်သူများ၊ စားအုန်းဆီ ထုတ်လုပ်သူများကိုပါ ထိခိုက်စေသည်ဟု အိန္ဒိယ လူသုံးကုန်ပစ္စည်းကုမ္ပဏီ Godrej International ၏ ဒါရိုက်တာ Dorab Mistry က ပြောကြားသည်။

ကမ္ဘာ့စားအုန်းဆီတင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားသည် ယမန်နှစ်တွင် စားအုန်းဆီ တင်ပို့မှုကို ရုတ်တရက် လုံးဝပိတ်ပင်လိုက်သဖြင့် ပြည်ပဝယ်လက်များကို အံ့အားသင့်စေခဲ့သည်။ ဝယ်လက်များသည် ပြိုင်ဘက်မလေးရှားထံမှ စံချိန်

တင်မြင့်မားသောဈေးနှုန်းဖြင့် စားအုန်းဆီကြမ်းကို ဝယ်ယူခဲ့ကြရသည်။ ပဲပုပ်ဆီနှင့် နေကြာဆီကဲ့သို့သောအခြား ဟင်းချက်ဆီများကို အစားထိုးဝယ်ယူခဲ့ကြရသည်။ Source: Reuters

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5908-palm-oil-importer.html

## ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် "STYLE Bangkok 2023" ဖွင့်လှစ်ကျင်းပ

ထိုင်းနိုင်ငံ၏ လူနေမှုပုံစံနှင့် ဖက်ရှင်ကဏ္ဍအတွက် ကမ္ဘာနှင့်အဝှမ်း ကုန်သွယ်ရေးယှဉ်ပြိုင်မှု တိုးမြှင့်ရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် Queen Sirikit National Convention Center (QSNCC) ၌ ကျင်းပခဲ့သည့် "STYLE Bangkok 2023"တွင် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ် Mr. Jurin Laksanawisit က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ "STYLE Bangkok"သည် အာရှ၏ ဦးဆောင်နေသော လူနေမှုပုံစံသုံးပစ္စည်းများကိုပြသသည့် ကုန်စည်ပြပွဲဖြစ်ပြီး ထိုင်းတံဆိပ်များအကြား ရေပန်းစားနေသော လူနေမှုပုံစံသုံးပစ္စည်းများနှင့် ဖက်ရှင်အသစ်များကို ပြသရန်ရည်ရွယ်ပါသည်။ ၎င်းအပြင် ထိုင်းအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းသေးများကို နိုင်ငံတကာသို့ ထိုးဖောက်ယှဉ်ပြိုင်နိုင်မှု အားကောင်းစေရေးအတွက် ဖြစ်ပါသည်။ ယခုနှစ်တွင် ကုမ္ပဏီ ၅၀၀ ကျော်နှင့် ပြခန်း ၁၀၀၀ ကျော်ပါဝင်ပြသခဲ့ကြပြီး ထိုင်းဘတ် ၁ ဒသမ ၄ ဘီလီယံကျော် ဝင်ငွေရရှိလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် Mr. Jurin နှင့် အတူ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Keerati Rushchano၊ အတွင်းဝန် Mr. Buntee Parnichprapai၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Phusit Ratanakul Sereroengrit၊ ထိုင်းနိုင်ငံကုန်သွယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ Mr. Sanan Angubolkul နှင့် သံအမတ်ကြီးများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကိုဗစ်အခြေအနေများကြောင့် ၃ နှစ်ဆက်တိုက် အကျဉ်းချုံးကျင်းပခဲ့ရာမှ ၆ ကြိမ်မြောက်အဖြစ် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံကုန်သွယ်ရေးဘုတ်အဖွဲ့တို့ ပူးပေါင်းဦးဆောင်မှုဖြင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကိုမောင်းနှင်ရာတွင် လူနေမှုပုံစံနှင့် ဖက်ရှင်ပစ္စည်းများသည် အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပထမအချက်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သေးငယ်သောလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ပြည်သူအနည်းဆုံး ၁ သန်းအတွက် အလုပ်အကိုင်ပေးထားပါကြောင်း၊ တတိယအချက်အနေဖြင့် ထိုင်းနိုင်ငံအတွက် ဝင်ငွေကို ပမာဏများများထိရှာပေးနိုင်ပါကြောင်း၊ စတုတ္ထအချက်အနေဖြင့် ထိုင်း၏ လူနေမှုပုံစံနှင့် ထုတ်ကုန်များသည် ကမ္ဘာ့အဆင့် အသိအမှတ်ပြုသော အရည်အသွေးမီပစ္စည်းများဖြစ်သဖြင့် ၎င်းတို့၏ ထင်ရှားသော ဒီဇိုင်းနှင့် ထိုင်းအမှတ်တံဆိပ်တို့သည် ပေါ်လွင်နေကြောင်း Mr. Jurin က ပြောကြားပါသည်။

ပို့ကုန်အနေဖြင့်ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ်တွင် တိုင်းပြည်အတွက် ဘတ်ငွေ ၄၅၀ ဘီလီယံခန့်ထိ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ စာရင်းအရ ၁၆ ဒသမ ၅ ရာခိုင်နှုန်းထိ တိုးမြှင့်လာပါကြောင်း၊ အားလုံးကို ခြုံကြည့်မည်ဆိုပါက ထိုင်းဘတ် ၃၀ ဘီလီယံကို ယခု ဆောင်ရွက်ချက်များမှ တစ်ဆင့်ရရှိပါကြောင်း၊ အဓိကဈေးကွက်များအနေဖြင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံနှင့် အခြားသော နိုင်ငံအများအပြားဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအတွက် ဝင်ငွေများစွာရရှိစေနိုင်မည့် စွမ်းအားဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံသည် လူနေမှုပုံစံနှင့် ဖက်ရှင်ပစ္စည်းများ၏ အချက်အချာဖြစ်သော ဒေသဖြစ်စေရန် ရည်ရွယ်ထားပါကြောင်း သိရှိရပါသည်။

Source: www.bangkok.com

Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

## ထိုင်းစံပယ်ဆန်မွှေး အတုထုတ်သည့် တရုတ်စက်ရုံတွေကို ထိုင်းနိုင်ငံက တရားစွဲမည်

ထိုင်းစံပယ်ဆန်မွှေး အတုများ ထုတ်လုပ်သည်ဟု စွပ်စွဲခံထားရသည့် တရုတ်ဆန်ထုတ်လုပ်သူ သုံးဦးကို တရားစွဲရန် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန Department of Foreign Trade (DFT) က ပြင်ဆင်နေပြီဖြစ်သည်။ DFT ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က အဆိုပါဆန်စက်များသည် ထိုင်း "ဟုမ်းမာလီ" "hom mali" စံပယ်ဆန်၏ စံပယ်ရနံ့ကို တုပရန် အတုအယောင် အမွှေးအကြိုင်များပေါင်းထည့်နေကြောင်း ထိုင်းဆန်တင်ပို့သူများထံမှ တိုင်ကြားစာများ လက်ခံရရှိထားကြောင်း မတ်လ ၁၇ ရက်က ပြောကြားခဲ့သည်။ စက်ရုံများတွင် Dao Hua Xiang ဟု အမည်ရှိသည့် တရုတ်ဆန်ကို ရနံ့အတု၊ အရသာအတုများ ထည့်ပြီး ထိုင်းစံပယ်ဆန်အတုကို ထုတ်လုပ်ပါသည်။

ငင်းထိုင်းစံပယ်ဆန်အတုကို ထိုင်းကုန်စည်အမှတ်တံဆိပ်အတုများဖြင့် တရုတ်နိုင်ငံတွင် ရောင်းချလျက်ရှိသည်။ ထိုအချက်သည် တရုတ်နိုင်ငံ ဥပဒေများကို ချိုးဖောက်ခြင်းဟု ၎င်းက ပြောကြားသည်။ တရုတ်အာဏာပိုင်တို့ထံ DFT က တိုင်တန်းခဲ့ပြီး စက်ရုံများကိုပိတ်သိမ်းရန် အမိန့်စာထုတ်ထားသည်။ စက်ရုံများသည် အစားအသောက်ဘေးကင်းရေး၊ ထုတ်ကုန်အရည်အသွေးနှင့် ကြော်ငြာခြင်းဆိုင်ရာ အခြားဥပဒေများစွာကို ချိုးဖောက်ခဲ့ကြောင်း အာဏာပိုင်များကတွေ့ရှိသည်။

တရုတ်ဆန်ကို ထိုင်းစံပယ်ဆန်ဖြစ်အောင် ပြုပြင်ရာတွင် pyrazine နှင့် pyrrole တို့ကို ရနံ့အတွက် သုံးစွဲပါသည်။ pyrazine နှင့် pyrrole ၂ မျိုးစလုံး တရုတ်ပြည်တွင် စားသောက်ကုန် ရနံ့အတွက် သုံးခွင့်မရှိပါ။ စုံစမ်းစစ်ဆေးမှုများအရ ၎င်းကုမ္ပဏီ ၃ ခုသည် ရနံ့အတု ဓာတုပစ္စည်းကို ရှန်ဟိုင်းမြို့မှ Shanghai Rofeeflavor Fragrant နှင့် Shanghai Fengmi Industrial တို့ထံမှ ဝယ်ယူကြောင်း သိရသည်။ ၎င်း ကုမ္ပဏီ ၂ ခုစလုံးသည် စံပယ်ဆန်ရနံ့အတုကို စားသောက်ကုန်အတွက် တရားမဝင် ထုတ်လုပ်ရောင်းချနေကြခြင်း ဖြစ်သည်။

**ထိုင်းစံပယ်ဆန်အတု ထုတ်လုပ်သည့် စက်ရုံသုံးရုံမှာ**

- Anhui Huainan Shouxian Yongliang Rice Industry, “Tai Zhi Wang” ကုန်စည်အမှတ်တံဆိပ်အတုဖြင့် “ราชาไทย” (Thai king) တံဆိပ်တပ်ပြီး ရောင်းချသည်။
- Anhui Xiangwang Cereals, Oils and Food Technology Co Ltd တရုတ်ဆန်ကို ထိုင်းဆန်ဟု လိမ်ညာပြောဆိုပြီး ရောင်းသည်။
- Huainan Chufeng Industry and Trade, ထိုင်းစံပယ်ဆန်အတုကို "ထိုင်းစံပယ်ဆန်"ဟု အဓိပ္ပာယ် ရသည့် “Tai Guo Xiang Mi” နှင့် “Tai Xiang Mi” အမှတ်တံဆိပ်များဖြင့် ရောင်းချသည်။

အဆိုပါ စက်ရုံများသည် ထိုင်းနိုင်ငံမှ ဆန်တင်သွင်းဖူးခြင်းမရှိချေ။ တရုတ်ပြည်တွင် စိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို ထိုင်းစံပယ်ဆန်ဟု တံဆိပ်အတုကပ် ဈေးအမြင့်တင်ပြီး ရောင်းချကြသည်ဟု Ronnarong က ပြောသည်။ ထိုင်းနိုင်ငံသည် ယမန်နှစ်(၂၀၂၂ ခုနှစ်)က တရုတ်နိုင်ငံသို့ ဘတ် ၃ ဒသမ ၉၉ ဘီလီယံတန်ဖိုးရှိ စပယ်ဆန် ၁၄၂,၁၄၆ တန် တင်ပို့ခဲ့သည်။ ၂၀၂၁ တွင် ဘတ် ၃ ဒသမ ၄၆ ဘီလီယံတန်ဖိုးရှိ စံပယ်ဆန် ၂၄၇,၅၈၀ တန် တင်ပို့ခဲ့ပါသည်။ Source: nationthailand

Source:[https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5906-thai-jasmin-rice.html](https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5906-thai-jasmin-rice.html)

## ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ Supply Chain ကွင်းဆက်၊ ကြီးမားသော ပရောဂျက်များ၊ စွမ်းအင်ကဏ္ဍနှင့် အဆင့်မြင့်နည်းပညာများတွင် တရုတ်နှင့် ရုရှား ပူးပေါင်းဆောင်ရွက်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ supply chain ကွင်းဆက်၊ ကြီးမားသော ပရောဂျက်များ၊ စွမ်းအင်ကဏ္ဍနှင့် အဆင့်မြင့် နည်းပညာနယ်ပယ်များတွင် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် အသင့် ရှိပါကြောင်း ၂၀၂၃ ခုနှစ် မတ်လ ၂၁ ရက်နေ့က မော်စကိုမြို့၌ ရုရှားဝန်ကြီးချုပ် Mikhail Mishustin နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အကြီးဆုံးအိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမိတ်ဖက်များဖြစ်ပါကြောင်း၊ တရုတ်-ရုရှား ဆက်ဆံရေး၏ တည်ငြိမ်အေးချမ်းသော ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းခြင်းသည် နှစ်နိုင်ငံ ဆက်ဆံရေး၏ သမိုင်းဝင်ပြုရပ်နှင့် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားများနှင့် ဆက်နွယ်မှုရှိကြောင်း ပြောဆိုခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ(CPC) ၏ ၂၀ ကြိမ်မြောက် အမျိုးသားကွန်ဂရက် အစည်းအဝေးသည် အောင်မြင်မှုတစ်ခုဖြစ်ခဲ့ပြီး မကြာသေးမီက တရုတ်နိုင်ငံ၏ ပြည်နယ်အဖွဲ့အစည်းများမှ ခေါင်းဆောင်သစ်များကို ယခုနှစ် အစည်းအဝေးနှစ်ကြိမ်အတွင်း ရွေးကောက်တင်မြှောက်နိုင်ခဲ့ပါကြောင်းနှင့် တရုတ်လူမျိုးများသည် မကြုံစဖူးစည်းလုံးကြပြီး တရုတ်ခေတ်မီတိုးတက်ရေးအတွက် ဘက်စုံမှ မြင့်တင်ပေးနေသည်ကိုတွေ့ရပါကြောင်း၊ တရုတ်အစိုးရသစ်သည် တရုတ်-ရုရှား ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို လေးနက်စွာတန်ဖိုးထားရှိပြီး နှစ်နိုင်ငံ ရည်မှန်းချက်သစ်များ အကောင်အထည်ဖော်ရန် တွန်းအားပေး၍ တရုတ်ဝန်ကြီးချုပ်နှင့် ရုရှားဝန်ကြီးချုပ်တို့ ပုံမှန်တွေ့ဆုံမှုများမှတစ်ဆင့်သော်လည်းကောင်း အခြားအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့်သော်လည်းကောင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရလဒ်သစ်များရရှိရန်ရုရှားဘက်မှလက်တွဲဆောင်ရွက်သွားရန်ဆန္ဒရှိသည်ကိုတွေ့ရပါကြောင်း ပြောကြားခဲ့ပါသည်။

ရှုပ်ထွေးသော ပြင်ပအခြေအနေများရှိသော်လည်း တရုတ်-ရုရှား ဘက်စုံလက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုသည် ယခင်နှစ်ကတည်းက ခိုင်မာသော ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ထိန်းသိမ်းထားနိုင်သည်ကို အလေးထားပါကြောင်း၊ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ၁၃ နှစ်ဆက်တိုက် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မဟာဗျူဟာမြောက် ကြီးမားသောပရောဂျက်များတွင် ခိုင်မာသော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့ပြီး လူလူချင်းရင်းနှီးချစ်ခင်မှုနှင့် ယဉ်ကျေးမှုဖလှယ်မှုများအပြင် ဒေသတွင်းအဆင့် အပြန်အလှန်ဆက်ဆံမှုများပါ ထိန်းသိမ်းလာနိုင်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှု၏ အရေအတွက်နှင့် အရည်အသွေးမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများနှင့် ပံ့ပိုးကူညီမှုများ တိုးမြှင့်ရန်၊ စက်မှုကဏ္ဍနှင့် Supply Chain ကွင်းဆက်တစ်လျှောက်လုံခြုံတည်ငြိမ်မှုရှိစေရေး နှစ်နိုင်ငံ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်အတွက် တောင်းဆိုခဲ့ပြီး နှစ်နိုင်ငံစွမ်းအင်လုံခြုံရေးကို ပူးပေါင်းကာကွယ်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဖလှယ်မှုများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ချိတ်ဆက်မှုအား ကြီးမားသည့်လုပ်ငန်းကဏ္ဍများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့သည်။

တရုတ်နှင့်ရုရှားတို့သည် သိပ္ပံသုတေသနလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းရန်လိုအပ်ပြီး ယင်းကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင် တရုတ်-ရုရှားနှစ်များ အားကစားဖလှယ်မှုများ ဆက်လက်အောင်မြင်မှုရရှိနိုင်ရေးအတွက် လုပ်ဆောင်ချက်များကို ပိုမိုကောင်းစွာစီစဉ် လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံဝန်ကြီးချုပ် Mishustin က Belt and Road Initiative နှင့် Eurasian Economic Union (EAEU) အကြား ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံကအလွန်အရေးကြီးကြောင်း၊ တရုတ်နှင့်နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ရုရှားနှင့် အခြားသော EAEU အဖွဲ့ဝင်များနှင့်အတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားသောအဆင့်တွင် အကောင်အထည်ဖော် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရုရှားနိုင်ငံဝန်ကြီးချုပ် Mishustin က သမ္မတရှီ၏ ရုရှားနိုင်ငံသို့ နိုင်ငံတော် ခရီးစဉ်အား ရုရှားအစိုးရ၏ အရေးကြီးသော အစိုးရအဖွဲ့ဝင်အားလုံးနီးပါးကို ဦးဆောင်၍ နွေးထွေးစွာကြိုဆိုပါကြောင်း၊ ပြန်လည်အရွေးခံရပြီးနောက် သမ္မတရှီကျင့်ဖျင်၏ ပြည်ပခရီးစဉ်အဖြစ် ပထမဆုံး ရုရှားနိုင်ငံကို ရွေးချယ်ခဲ့ခြင်းမှာ အလွန်အရေးကြီးကြောင်း၊ ရုရှား-တရုတ်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုမှာ သမိုင်းဝင် အမြင့်မားဆုံးသို့ ရောက်ရှိနေပြီး နိုင်ငံစုံမူဝါဒကို ပိုမိုကောင်းမွန်စွာ ကာကွယ်ရန်နှင့် လက်ရှိနိုင်ငံတကာအခြေအနေတွင် ဘက်စုံကမ္ဘာကိုမြှင့်တင်ရန် အထောက်အကူဖြစ်စေပါကြောင်း ရုရှားဝန်ကြီးချုပ်နှင့် တရုတ်ဝန်ကြီးချုပ်ကြား ပုံမှန်တွေ့ဆုံမှုသည်လည်း ထူးခြားပါကြောင်း မှတ်ချက်ပြု ပြောဆိုခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်အစိုးရသစ်နှင့် နီးကပ်သော ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီမှုများကို စိတ်အားထက်သန်စွာ အကောင်အထည်ဖော်ရန်နှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို အားကောင်းခိုင်မာစေရန် မျှော်လင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ သဘာဝဓာတ်ငွေ့၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမှု၊ လေကြောင်းနှင့် အာကာသ၊ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်မှု၊ နယ်စပ်ဖြတ်ကျော် သယ်ယူ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အစရှိသည့် နယ်ပယ်များတွင် ရုရှားနှင့် တရုတ် ပူးပေါင်း ဆောင်ရွက်မှု ကို တိုးမြှင့်သွားရန်ဆန္ဒရှိကြောင်း၊ ဆက်သွယ်ရေး၊ ထောက်ပံ့ရေးနှင့် စက်မှုလုပ်ငန်း ကွင်းဆက်များတစ်လျှောက်ဘေးကင်းရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားပြဿနာများတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းဖို့လိုပါကြောင်း၊ ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစားစသည့် နယ်ပယ်များတွင်လည်း နှစ်နိုင်ငံပြည်သူ/ ပြည်သားအချင်းချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာနိုင်မည်ကို မျှော်လင့်ပါကြောင်း ဝန်ကြီးချုပ် Mishustin က ပြောကြားခဲ့သည်။

Source: [http://english.www.gov.cn/news](http://english.www.gov.cn/news)

Source: စီးပွားရေးသံမှူး၊ ကူမင်းမြို့

## ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ဟောင်ကောင်ပို့ကုန်လုပ်ငန်းရှင်များ၏ စီးပွားရေးအမြင် တိုးတက်လာ

ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC) ၏ ပို့ကုန်ညွှန်းကိန်းသည် ၂၀၂၃ခုနှစ်ပထမသုံးလတွင် ၉ ဒသမ ၃ မှ ၃၉ ဒသမ သုညသို့ အထိမြင့်တက်လာပါသည်။ ထိုသို့တိုးတက်လာမှုသည် ဟောင်ကောင်ပို့ကုန်လုပ်ငန်းရှင်များ၏ စီးပွားရေးအမြင်တိုးတက်လာခြင်း၏ သိသာထင်ရှားသည့်ပြယုဒ်တစ်ခု ဖြစ်ကြောင်း HKTDCက ဖော်ပြခဲ့ပါသည်။

ဖေဖော်ဝါရီလအစောပိုင်းတွင် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးကြား နယ်စပ်များပြန်လည်ဖွင့်လှစ်ခြင်းကြောင့် ယခုကဲ့သို့ တိုးတက်ခြင်းဖြစ်ပြီး ထိုသို့နယ်စပ်ပြန်ဖွင့်ခြင်း၏ အကျိုးကျေးဇူးကို လာမည့်လများတွင် အပြည့်အဝ မြင်တွေ့ရဖွယ်ရှိပါသည်။

ဇန်နဝါရီအစောပိုင်းမှစ၍ ပုံမှန်နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုများ တဖြည်းဖြည်း ပြန်လည်စတင်ခြင်းကြောင့် အပြုသဘောဆောင်သည့် သက်ရောက်မှုများရှိသည်ဟု ဟောင်ကောင်ပို့ကုန်တင်ပို့သူများ၏ ၈၉ ရာခိုင်နှုန်းကဆိုကြောင်း HKTDC စစ်တမ်းအရသိရှိရပါသည်။

နယ်စပ်ဖြတ်ကျော် ကုန်းလမ်းကုန်စည်သယ်ယူပို့ဆောင်မှု ပုံမှန်ပြန်ဖြစ်လာပြီးနောက် ပို့ကုန်တင်ပို့သူများ၏ ၃၆ ဒသမ ၅ ရာခိုင်နှုန်းကျော်မှာ ဟောင်ကောင်မှတစ်ဆင့် ကုန်စည်တင်ပို့မှုများ ပိုမိုပြုလုပ်လာကြမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်စရိတ်များ မြင့်တက်လာမည်ဟု မျှော်မှန်းထားသောကြောင့် ပို့ကုန်လုပ်ငန်းရှင်အားလုံး၏ ၅၅ ဒသမ ၇ ရာခိုင်နှုန်းရှိသော ဒေသခံပို့ကုန်တင်ပို့သူများအနေဖြင့် ငွေကြေးစီးဆင်းမှု၊ စီမံခန့်ခွဲမှု၊ အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ဝန်ဆောင်မှုပေးခြင်းနှင့် ပြည်ပဈေးကွက်ချဲ့ထွင်မှုတို့တွင် အာရုံစိုက်လာကြကြောင်း HKTDC စစ်တမ်းတွင်ဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်

## ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ ပြောကြား

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ရေနံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ အထူးသဖြင့် OPEC+ ရေနံထုတ်လုပ်သူများကို ကြိုဆိုကြောင်း အီရန်ရေနံဝန်ကြီးဌာန ပြီးခဲ့သည့်သတင်းပတ်ကုန်ပိုင်းတွင် ပြောကြားခဲ့ပါသည်။ ဆော်ဒီအာရေဗျနိုင်ငံဘက်မှ အီရန်တွင်ရင်းနှီးမြှုပ်နှံမှု လျင်လျင်မြန်မြန် စတင်နိုင်ကြောင်း ပြောဆိုခဲ့ပြီးနောက် ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

ဆော်ဒီအာရေဗျနှင့် အီရန်တို့သည် သံတမန်ဆက်ဆံရေး ပြန်လည်စတင်ပြီး သံရုံးများနှင့် အဖွဲ့ရုံးများပြန်လည်ဖွင့်လှစ်ရန်သဘောတူညီခဲ့ကြကြောင်း ပေကျင်းတွင် ဆော်ဒီ-အီရန်တို့အကြားဆွေးနွေးမှုအပြီး ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် ဆော်ဒီအာရေဗျ၊ အီရန်နှင့်တရုတ်တို့မှ ဖော်ပြထားသည်။ ဆော်ဒီအာရေဗျနှင့်အီရန်ကြား အကွဲအပြဲသည် မကြာသေးမီနှစ်များအတွင်း၌သာမက ဆယ်စုနှစ်များအတွင်း အရှေ့အလယ်ပိုင်း၏ဒေသတွင်း နိုင်ငံရေးကို ပုံဖော်ခဲ့သည်။

နှစ်နိုင်ငံလုံးသည် ရေနံအများဆုံးထုတ်လုပ်သည့် အိုပက်အဖွဲ့ဝင်နိုင်ငံများဖြစ်သော်လည်း အီရန်နိုင်ငံ၏ထုတ်လုပ်မှုမှာ ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းသွားခဲ့ပါသည်။ ထိုအချိန်တွင် အမေရိကန်သမ္မတဖြစ်သူ ဒေါ်နယ်ထရမ့်က အီရန်နယူးကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ခဲ့ပြီး အီရန်၏ရေနံလုပ်ငန်းနှင့် ပို့ကုန်များအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့ပါသည်။ အိုပက်အဖွဲ့၏ရေနံထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျအနေဖြင့်လည်း ရုရှားနိုင်ငံနှင့် အိုပက်+ ရေနံထုတ်လုပ်မှုခွဲတမ်းများ (quotas) သဘောတူစာချုပ်ချုပ်ထားပါသည်။ ပိတ်ဆို့အရေးယူမှုများကြောင့် အီရန်နိုင်ငံသည် အဆိုပါ quotas မှ ကင်းလွတ်ခွင့်ရရှိထားပါသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ရေနံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူအသစ်များအတွက် ထိုက်တန်သည့်အကျိုးအမြတ်ရရှိနိုင်မှာဖြစ်သောကြောင့် ကမ္ဘာ့စွမ်းအင်လုံခြုံရေးကို အာမခံနိုင်ရေးအတွက် ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပုံစံမျိုးစုံကိုကြိုဆိုကြောင်း၊ အထူးသဖြင့် OPEC+ ရေနံထုတ်လုပ်သူများကို ကြိုဆိုကြောင်း အီရန်ရေနံဝန်ကြီးဌာနမှ တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားပါသည်။ သဘောတူညီချက်များကို လေးစားလိုက်နာမည်ဆိုပါက အီရန်တွင် ရင်းနှီးမြှုပ်နှံခြင်းတွင် အတားအဆီးတစ်စုံတစ်ရာမတွေ့ဘဲ ဆော်ဒီအတွက် အခွင့်အလမ်းအများအပြားရှိကြောင်း ဆော်ဒီဘဏ္ဍာရေးဝန်ကြီး Mohammed Al-Jadaan က ပြီးခဲ့သောသီတင်းပတ်၌ ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍ၏ စီးပွားရေးအခြေခံအုတ်မြစ်များတွင် နိုင်ငံရေးနှင့် တရားရေးအရ စွက်ဖက်ခြင်းအပါအဝင် အဟန့်အတားများရှိခြင်းသည် ပါဝင်လုပ်ကိုင်သူများအတွက် အကျိုးမဲ့ (lose-lose game) ဖြစ်စေပြီး ကမ္ဘာ့စွမ်းအင်ဈေးကွက် လုံခြုံစိတ်ချရမှုပေးစွမ်းနိုင်ခြင်းနှင့် စွမ်းအင်ရှားပါးပြတ်တောက်ခြင်းကို ကူညီဖယ်ရှားနိုင်မှုအတွက် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်းနှင့် စွမ်းအင်ဈေးကွက်တည်ငြိမ်ရေးအတွက် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုကို ဖယ်ရှားပစ်ရန် လိုအပ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး ၊ဟောင်ကောင်

## ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုကို လျော့ပါးသက်သာစေရန်အတွက် ယန်း ၂ ထရီလီယံ သုံးစွဲသွားမည်

ဧပြီလတွင်ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံအတွင်းငွေကြေးဖောင်းပွမှုကို လျော့ပါးသက်သာစေရန်အတွက် ဂျပန်အစိုးရအနေဖြင့် ယန်း ၂ ထရီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁ ဘီလီယံ) ထပ်မံ သုံးစွဲသွားမည်ဖြစ်ပါသည်။ အဆိုပါယန်း ၂ ထရီလီယံကျော်ကို မတ်လတွင်ကုန်ဆုံးမည့် ယခုနှစ်ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်သည့် သီးသန့်ရန်ပုံငွေမှ သုံးစွဲသွားမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီး Shigeyuki Goto က မတ်လ ၂၂ ရက်နေ့တွင် ပြောကြားထားပါသည်။ အဆိုပါငွေကို ဝင်ငွေနည်း အိမ်ထောင်စုများ၊ ၎င်းတို့၏သားသမီးများနှင့် ရေနံဓာတ်ငွေ့ရည်(LPG)အသုံးပြုသည့် အိမ်ထောင်စုများကို အဓိကထားပံ့ပိုးသွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးဖြစ်ပေါ်နေမှုကြောင့် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဖူမီအို ခီရှိဒ၏ လက်ရှိအာဏာရပါတီအပေါ် မဲပေးထောက်ခံမှု လျော့နည်းသွားခြင်းမရှိစေရန် ယခုကဲ့သို့ အစိုးရအနေဖြင့် ပံ့ပိုးဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုအပေါ် အစိုးရ၏ထိန်းညှိဆောင်ရွက်မှုများနှင့် ဂျပန်ဗဟိုဘဏ်၏ မူဝါဒများမှာ ရေရှည်အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်ရာတွင် အကန့်အသတ်ရှိကြောင်း စီးပွားရေးပညာရှင်များက ပြောကြားထားပါသည်။

ငွေကြေးဖောင်းပွမှုအပေါ် အစိုးရ၏ထိန်းညှိဆောင်ရွက်မှုအသစ်များမှာ ကာလတိုဖြစ်သည့် ၁ နှစ်အတွင်းသာ သက်ရောက်နိုင်သည့်အတွက် ဂျပန်ဗဟိုဘဏ်အနေဖြင့် အစိုးရ၏ ထိန်းညှိဆောင်ရွက်မှုများကို ထည့်သွင်းသုံးသပ်နိုင်မည်မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် ငွေကြေးဆိုင်ရာ မူဝါဒချမှတ်ခြင်းထက် လာမည့်ရွေးကောက်ပွဲတွင် ထောက်ခံမှုများရရှိရေးအတွက်သာ ယခုကဲ့သို့ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်ဘုတ်အဖွဲ့ဝင်ဟောင်းနှင့် Noruma Research Institute မှ စီးပွားရေးပညာရှင် Takahide Kiuchi က ပြောကြားထားပါသည်။

စီးပွားရေးဝန်ကြီး Goto က အစိုးရကသုံးစွဲသွားမည့် ယန်း၂ ထရီလီယံကျော်အနက် ယန်း ၇၀၀ ဘီလီယံမှာ လောင်စာဆီ ဈေးနှုန်းမြင့်တက်မှုကို ကုစားနိုင်ရန်အတွက်ဖြစ်ပြီး၊ ယန်း ၅၀၀ ဘီလီယံမှာ ဝင်ငွေနည်း အိမ်ထောင်စုများကို ပံ့ပိုးသွားရန်ဖြစ်ကြောင်း ပြောကြားထားပါသည်။

ဂျပန်နိုင်ငံတွင် စားသောက်ကုန်နှင့် လောင်စာဆီဈေးနှုန်းများ အဓိကမြင့်တက်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ဇန်နဝါရီလတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ခဲ့ပြီး ၁၉၈၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းကို ဖေဖော်ဝါရီလထုတ်ပြန်ချက်များတွင် ကျဆင်းနိုင်ကြောင်းခန့်မှန်းထားပါသည်။ ယခင်အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုကို လျော့ပါးသက်သာစေရန်အတွက် လျှပ်စစ်ဓာတ်အားခနှုန်းထားများ လျှော့ချပေးခြင်း၊ သဘာဝဓာတ်ငွေ့နှုန်းထားများ ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သော်လည်း ဂျပန်နိုင်ငံတွင် အများဆုံးအသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်(LPG)နှင့်စပ်လျဉ်း၍ ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း ဖော်ပြထားပါသည်။

ဂျပန်ဗဟိုဘဏ်အနေဖြင့် လာမည့်ဧပြီလတွင်စတင်မည့် ဘဏ္ဍာနှစ်တွင်ငွေကြေးဖောင်းပွမှုနှုန်းကို အစိုးရ၏ သတ်မှတ်နှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိရန် မျှော်မှန်းထားပါသည်။ ထိုသို့ပြည့်မီစေရန်အတွက် အစိုးရအနေဖြင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ခြင်းနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အစိုးရ၏ မျှော်မှန်းငွေကြေးဖောင်းပွမှုနှုန်းသို့ ရောက်ရှိစေရန်အတွက် ဝန်ထမ်းများ၏ လစာငွေများကို ကုန်ဈေးနှုန်း မြင့်တက်လာမှုနှင့်အညီ တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဂျပန်ဗဟိုဘဏ်အတွက် ဘဏ်အကြပ်အတည်းပြဿနာမှာ ငွေကြေးဖောင်းပွမှုနှုန်းထက် ပိုမိုကြီးမားသည့် သက်ရောက်မှုဖြစ်ကြောင်း Sillicon Valley Bank နှင့် Credit Suisse တို့၏ ပြိုလဲမှုဖြစ်စဉ်များကို ကိုးကား၍ Kiuchi က ပြောကြားထားပါသည်။ Source: The Japan Times (23-3-2023)

Source: စီးပွားရေးသံမှူး၊ ဂျပန်နိုင်ငံ

## G-20 အစည်းအဝေးများတွင် ရှူပီးနှင့် ကုန်သွယ်မှုကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အဆင့်မြင့်အရာရှိကြီးက ပြောကြား

အိန္ဒိယနိုင်ငံသည် G-20 ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း စီစဉ်ဆောင်ရွက်နေသော အစည်းအဝေးအခမ်းအနားများတွင် ရှူပီးနှင့်ကုန်သွယ်မှုလုပ်ငန်းစဉ်ကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိကြီးတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့ပါသည်။ ငွေကြေးဆိုင်ရာဖိအားများနှင့် ရင်ဆိုင်နေရသောနိုင်ငံများအနေ ဖြင့် ရှူပီးနှင့်ကုန်သွယ်မှုပြုခြင်းသည် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် Sunil Barthwal ကပြောကြားပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် လာမည့် G-20 ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းအဝေးတွင် ရူပီးကုန်သွယ်မှုမြှင့်တင်ရန် အစီအစဉ်ရှိပါသလားဟု သတင်းထောက်၏ မေးမြန်းချက်အပေါ် Barthwal က ရူပီးနှင့်ကုန်သွယ်မှုဆောင်ရွက်လိုပါကြောင်း၊ အထူးသဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်နိုင်ငံများဖြင့် ဆောင်ရွက်လိုကြောင်းဖြေကြားခဲ့ပါသည်။ ရူပီးနှင့်ကုန်သွယ်မှုကိစ္စသည် G-20 ဖိုရမ်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိကြောင်းလည်း Barthwal က ပြောကြား ခဲ့ပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ် ငွေကြေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း ကုန်သွယ်မှုတွင် ရူပီးနှင့် ပေးချေမှုများကို စတင်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် သဘောတူစာချုပ်များချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ ၁၈ နိုင်ငံမှာ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဘော့ဆွာနာ၊ ဖီဂျီ၊ ဂျာမနီ၊ ဂိုင်ယာနာ (Guyana)၊ အစ္စရေး၊ ကင်ညာ၊ မလေးရှား၊ မောရေးရှ်၊ မြန်မာ၊ နယူးဇီလန်၊ အိုမန်၊ ဆေးရှဲလ်(Seychelles)၊ တန်ဇန်းနီးယား၊ ယူဂန်နာနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြသည်။ အဆိုပါ ၁၈ နိုင်ငံမှ ဘဏ်များသည် အိန္ဒိယနိုင်ငံ Reserved Bank of India (RBI) ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင့်များဖွင့်လှစ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံရှိ Authorised Dealer (AD) လိုင်စင်ရဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Bhagwat Karad က ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံသည် G-20 အဖွဲ့၏ လက်ရှိသက်တမ်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဘဏ္ဍာရေးမြို့တော်ဖြစ်သည့် မွန်ဘိုင်းမြို့တွင် အင်္ဂါနေ့မှ စတင်၍ ၃ ရက်တာ ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ G-20 အဖွဲ့ဝင်နိုင်ငံများ၊ အထူးဖိတ်ကြားထားသည့်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေးတွင် ဦးစားပေးဆွေးနွေးမည့် ကဏ္ဍ (၅)ခုကိုလည်း ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်းနှင့် စက်တင်ဘာလတွင်ပြုလုပ်မည့် G-20 ခေါင်းဆောင်များအစည်းအဝေး အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း Barthwal က ပြောကြားသည်။ ဦးစားပေးကဏ္ဍ ၅ ခုတွင် ကုန်သွယ်မှုနှင့် ကြီးပွားတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်ဆောင်ရွက်နိုင်ရေး၊ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်အား ပိုမိုကြံ့ခိုင်နိုင်မှုရှိစေရန်ဆောင်ရွက်ရေး၊ကုန်သွယ်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများပါပေါင်းစည်းပါဝင်လာစေရေးနှင့် တူညီသည့် လုပ်ထုံးလုပ်နည်းများပြဌာန်းခြင်းများအပါအဝင် ထောက်ပံ့ပို့ဆောင်မှုနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ပါဝင်ကြောင်း Barthwal က ပြောကြားပါသည်။

ဂူဂျာရတ်ပြည်နယ် Kevadia မြို့တွင် နောက်တစ်ကြိမ်ကျင်းပပြုလုပ်မည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာပြုပြင်ပြောင်းလဲရေးကို အိန္ဒိယက အဆိုပြုသွားမည် ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေး အတွင်းဝန် ကပြောကြားခဲ့ပါသည်။

Source: India to push the rupeetradein G-20 meeting: Official, 27-3-2023-The Economic Times , RBI allows banks from 18 countries to trade in rupees. What does it mean, 21-3-2023, WION news

Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

## တရုတ်နိုင်ငံ၊ Tianjin မြို့တွင် နိုင်ငံတကာမျိုးစေ့ပြပွဲကို ကျင်းပခဲ့

မျိုးစေ့လုပ်ငန်းတွင် နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုကိုမြှင့်တင်ရန် တရုတ်နိုင်ငံမြောက်ပိုင်း Tianjinမြို့၌ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် နိုင်ငံတကာ မျိုးစေ့ပြပွဲတစ်ခုကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ ၁၄ ကြိမ်မြောက် တရုတ်နိုင်ငံတကာ မျိုးစေ့ပြပွဲ(The 14th China International Seed Expo) ၌ ပြခန်းဧရိယာ စတုရန်းမီတာ ၂၀,၀၀၀ ကျော်ပါဝင်ပြီး မျိုးစေ့ ထုတ်ကုန် အမျိုးမျိုးနှင့်မျိုးစေ့ထုတ်လုပ်မှုနှင့်ဆက်စပ်သည့် အဆင့်မြင့်နည်းပညာများကို ပြသခဲ့ကြောင်း၊ အဆိုပါ (၃)ရက်တာ ကျင်းပခဲ့သည့် ပြပွဲသို့ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းများ ၁,၂၀၀ ကျော်အပြင် မျိုးစေ့ထုတ်လုပ်သူများလည်း ပါဝင်ခဲ့ကြကြောင်း သိရှိရသည်။

ဇီဝဗေဒဆိုင်ရာ မျိုးပွားမှုလုပ်ငန်းများ၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု အကာအကွယ်ပေးရေးနှင့် အခြားအကြောင်းအရာများနှင့်စပ်လျဉ်းသည့် ဖိုရမ်များကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်အင်ဂျင်နီယာအကယ်ဒမီ၏ ပညာရှင်တစ်ဦးက တရုတ်နိုင်ငံအနေဖြင့် အခြေခံအစားအစာနှင့် ကောက်ပဲသီးနှံများ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်နေပြီ ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံတွင် ဆန်နှင့် ဂျုံ တစ်ယူနစ် ထုတ်လုပ်နိုင်မှုမှာ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှထုတ်လုပ်နိုင်မှုထက် ပို၍ မြင့်မားနေပြီဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသည် မျိုးစေ့လုပ်ငန်းတွင် တရုတ်နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပြီး ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အတွေးအခေါ်များ ဖလှယ်ရန်နှင့် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန် စင်္ကြံတစ်ခုကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

Source: စီးပွားရေးသံမှူး၊ နန်နင်းမြို့

## ဒူးရင်းသီး၏ အရည်အသွေးကို ထိန်းထားရန် ထိုင်းနိုင်ငံ၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် စိတ်အားထက်သန်လျက်ရှိ

ထိုင်းနိုင်ငံ၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ယခုနှစ် အသီးခူးချိန်တွင် အသီးရောင်းလိုအားကိုထိန်းထားရန် တိုင်းတာချက် ၂၂ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှု တန်ချိန် ၆ ဒသမ ၇၈ သန်းမှ ၃ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Wattanasak Sur-iam က ယခင်နှစ် နှောင်းပိုင်းနှင့် ယခုနှစ်အစောပိုင်းတွင် ပိုမိုအေးမြသောရာသီဥတုကြောင့် ထွက်နှုန်းမြင့်မာလာခြင်းဖြစ်ကြောင်း၊ ဌာနအနေဖြင့် အသီး၏ အရည်အသွေးကို အလေးထားပါကြောင်း၊ အထူးသဖြင့် ဒူးရင်းသီး၏ ပို့ကုန်အရည်အသွေး ထိန်းသိမ်းနိုင်ရန် တင်းကြပ်သော အစီအမံများ ဆောင်ရွက်ရန် စိုက်ပျိုးရေးဦးစီးဌာန နှင့် ဆွေးနွေးထားပြီးဖြစ်ပါကြောင်း ပြောကြားပါသည်။

ထိုင်းနိုင်ငံ၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Good Agricultural Practice (GAP) စံနှုန်းများအတွက် အနည်းဆုံး ဥယျာဉ်ခြံ ၁၂၀,၀၀၀ ကို မှတ်ပုံတင်စေလိုပါကြောင်း၊ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အသီးလတ်လတ်ဆတ်ဆတ်များနှင့် ပြုပြင်ပြီးသောအသီးများကို တန်ချိန် ၄ ဒသမ ၄၄ သန်း အထိ တင်ပို့နိုင်ရန် မျှော်မှန်းချက် ထားပါကြောင်း၊ ပြီးခဲ့သည့်နှစ်က တန်ချိန် ၄ ဒသမ ၀၄ သန်းအတွက် ဘတ် ၂၆၃ ဘီလီယံရရှိခဲ့သဖြင့် အရည်အသွေးနှင့် ဝင်ငွေ နှစ်ခုလုံးတွင် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပါသည်။

ပြည်ပဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံ၌ ဝယ်လိုအားအဆက်မပြတ်မြင့်တက်နေချိန်တွင် ပြည်တွင်းဈေးကွက်နှင့် စပ်လျဉ်း၍ နိုင်ငံအတွင်းစားသုံးမှုမြင့်တက်လာစေရေးကို အားပေးရန်အတွက် စီမံချက်တစ်ခုရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်သီး၏ အရည်အသွေးကောင်းမွန်စေရန် သစ်သီးပွဲစားများနှင့် ကုန်သည်များကို ကြီးကြပ်ကွပ်ကဲမည့် အစီအမံများကို တင်းကြပ်ထားပါသည်ဟုကတိပြုခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန ပူးပေါင်း၍ အသီးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်နှင့် ဥပဒေရေးရာကိစ္စရပ်များကို လွှမ်းခြုံသော တိုင်းတာချက် ၂၂ ချက်ကို ဒေသ ၄ ခုတွင် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းတိုင်းတာချက် ၂၂ ချက်မှာ ဥယျာဉ်ခြံမြေကွက် အနည်းဆုံး ၁၂၀,၀၀၀ ကို GAP စီမံချက်၏ စစ်ဆေးမှုနှင့် အသိအမှတ်ပြုလက်မှတ်ကို အရှိန်အဟုန်မြှင့်ထုတ်ပေးခြင်း၊ အသီးတန်ချိန် ၁၀၀,၀၀၀ ကို ကြိုတင်ဝယ်ယူရန်အတွက် စိုက်ပျိုး သူတောင်သူနှင့် ကုန်သည်များပါဝင်သော ကန်ထရိုက်လယ်ယာပုံစံ (Contract Farming)ကို အသုံးပြုခြင်း၊ လုပ်ငန်းရှင် များနှင့် စိုက်ပျိုးသူတောင်သူများအား ၎င်းတို့၏ သစ်သီးဝလံထွက်ကုန်များကို ထုတ်လုပ်မှုရေိယာပြင်ပသို့ တစ်ကီလိုလျှင် ၃ ဘတ်နှုန်းဖြင့် စုစုပေါင်း တန်ချိန် ၉၀,၀၀၀ ကို ဖြန့်ဖြူးပေးခြင်း၊ ရာသီချိန်တွင် အသီးတန်ချိန် ၃၀,၀၀၀ ကို တိုက်ရိုက် ဝယ်ယူရောင်းချနိုင်စေရန် ကုန်စုံဆိုင်များကို ပံ့ပိုးကူညီခြင်းတို့ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ၂ ခုသည် ကုန်စုံဆိုင်များ၊ ဓာတ်ဆီ ဆိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးသူတောင်သူများ စုစုပေါင်း တန်ချိန် ၁၀၀,၀၀၀ ကို ကိုယ်တိုင်ရောင်းချနိုင်စေရန် စီစဉ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း Mr. Wattanasak က ပြောကြားပါသည်။

အခြားသော စီမံချက်အနေဖြင့် နိုင်ငံခြားသားများကို ဆွဲဆောင်နိုင်ရန် ထိုင်းသစ်သီးပွဲတော်ကို စီစဉ်ကျင်းပခြင်းနှင့် အသီး ၂၀ ကီလိုဂရမ်ကို လေယာဉ်ပေါ်သို့ အခမဲ့ သယ်ဆောင်ခြင်းကို ပံ့ပိုးပေးခြင်းတို့ ပါဝင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဆန်၊ ပီလောပီနံ၊ ပြောင်းနှင့် ဆီအုန်းတို့၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် အသီးအနှံနှင့် လယ်ယာထွက်ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ပြောကြားပါသည်။

Source : www.bangkok.gov

Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

## အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ကုန်စည်များဈေးကွက်ဝင်ရောက်မှု လျော့နည်းပြီး ကုန်ဈေးနှုန်းမြင့်တက်လာနိုင်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဂျုံ၊ ဇီယာစေ့၊ ကုလားပဲ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စသည့် အခြေခံလိုအပ်သည့် နေ့စဉ်သုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာ

နိုင်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပုပ်သိုးလွယ်သည့် ၎င်းတို့၏ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခဲ့သဖြင့် အမြတ်အစွန်းရရှိမှု လျော့နည်းလာနိုင်ကြောင်း Economic Times သတင်းဌာနက ဖော်ပြထားပါသည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂျုံ၊ မုန်ညင်း၊ ကုလားပဲ ကဲ့သို့သော ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် ကောက်ပဲသီးနှံများ၊ သရက်၊ ဖရဲ၊ သခွား၊ ၄က်ပျော စသည့်သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော ဇီယာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြီးခဲ့သည့် ၃ ရက်၊ ၄ ရက်တာကာလအတွင်း ဇီယာဈေးနှုန်းများ ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုသတင်းကြောင့် ဂျုံဈေးနှုန်းမှာ တနင်္လာနေ့က ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ဂျုံစိုက်ပျိုးထုတ်လုပ်သူများက အဓိကခံစားခဲ့ရပြီး ၎င်းတို့၏ ၂ ပတ်နှင့် ၁ လ အတွင်း ရိတ်သိမ်းရန်အသင့်ဖြစ်မည့် ဂျုံများအားလုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ထို့ပြင် မိုးရွာသွန်းမှုကြောင့် ဂျုံအစေ့အဆန်များ၏ အရောင်၊ တောက်ပမှု၊ အရွယ်အစားနှင့် ကစီဓာတ်တို့ကိုလည်း ထိခိုက်ပျက်စီးနိုင်သဖြင့် တောင်သူများအနေဖြင့် ဈေးကွက်ပေါက်ဈေးရရှိရန် ခက်ခဲနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်အများစုတွင် မိုးရွာသွန်းမှုကြောင့် ဂျုံထွက်ရှိမှုမှာလည်း ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း Economic Times သတင်းဌာနက ခန့်မှန်းထားပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံမှ ဂျုံတင်သွင်းနေသူ မြန်မာကုန်သည်များအနေဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်ပြီး အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာမည့် အခြားနိုင်ငံဈေးကွက်များကိုလည်း ကြိုတင်လေ့လာ ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါ သည်။

Source: Unseasonal Rain Expected to Increase Price of Commodities in Short Supply, 22-3-2023, Economic Times
Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

## တောင်ကိုရီးယားနိုင်ငံမှ Lotte သည် အမည်အသစ်ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ချဲ့ထွင်မည်

တောင်ကိုရီးယားနိုင်ငံမှ Lotte Confectionery Co. သည် ကမ္ဘာလုံးဆိုင်ရာ ချဲ့ထွင်မှုများ တိုးတက်ဖြစ်ပေါ်စေမည့် လုပ်ငန်းမဟာဗျူဟာအသစ်ကို ထင်ဟပ်စေရန် အမည်အသစ် "Lotte Wellfood " ဖြင့် လုပ်ကိုင်သွားမည်ဖြစ်သည်။ သက်တမ်း ၅၆ နှစ်ရှိပြီဖြစ်သည့် Lotte Confectionery Co. သည် Lotte Group ကုမ္ပဏီစုကြီး၏ လုပ်ငန်းတစ်ခုဖြစ်သည်။ အမည်အသစ် "Lotte Wellfood " ကို ဧပြီလ ၁ ရက်တွင် စတင်သက်ရောက်မည်။

ကုမ္ပဏီ ရှယ်ယာရှင်များကလည်း အမည်အသစ်ဖြင့် လုပ်ရှားလုပ်ကိုင်မည့် အစီအစဉ်ကို သဘောတူကြသည်။ လက်ရှိတွင် ကမ္ဘာ့ဈေးကွက်ထဲ လုပ်ကိုင်မှုအချိုးအစားသည် ၂၀ ရာခိုင်နှုန်းရှိသည်ကို ၅၀ ရာခိုင်နှုန်းသို့ ရောက်အောင်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်သည်။ ယမန်နှစ်က Lotte Confectionery က မိခင်တူ လုပ်ငန်းခွဲ Lotte Food နှင့် ပေါင်းစည်းခဲ့သည်။ Lotte Food သည် Lotte Group လက်အောက်မှ နို့ထွက်ပစ္စည်းများနှင့် စားသောက်ကုန်တို့ကို လုပ်ကိုင်သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ရုံးချုပ်ထားရှိသည့် Lotte Confectionery က အိန္ဒိယတွင် Havnor ရေခဲမုန့်စက်ရုံတစ်ရုံ ထူထောင်မည်ဟု ကြေညာခဲ့သည်။ Pune တွင် တည်ရှိသည့် ၎င်းစက်ရုံသည် အိန္ဒိယတွင် Lotte Confectionery ၏ တတိယမြောက် စက်ရုံဖြစ်သည်။ Lotte Confectionery သည် Xylitol အမှတ်တံဆိပ် chewing gum ကိုလည်း လုပ်ကိုင်သည်။ သကြားလုံးအမျိုးမျိုး၊ ချောကလက်အမျိုးမျိုး၊ သွားရည်စာအမျိုးမျိုးတို့ကိုလည်း လုပ်ကိုင်သည်။ ဘယ်လ်ဂျီယံမှ ချောကလက်လုပ်ငန်း Guylian, ကို ၂၀၀၈ ခုနှစ်တွင် ဝယ်ယူခဲ့သည်။

ကုမ္ပဏီသည် အာရှနှင့် ဥရောပရှိ ဈေးကွက်များတွင် ပုရစ်မုန့်များ၊ ပုရစ်ပရိုတင်းအတုံးများနှင့် ကွတ်ကီးများကို ရောင်းချ ရန်အတွက် ကနေဒါအခြေစိုက် ပုရစ်လုပ်ငန်း Aspire Food Group နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ Lotte Confectionery သည် ဘယ်လ်ဂျီယံ၊ တရုတ်၊ ရုရှား၊ စင်ကာပူ၊ မြန်မာ၊ ပါကစ္စတန်နှင့် ကာဇက်စတန် နိုင်ငံများတွင် စက်ရုံများ ထားရှိသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် Lotte Confectionery သည် ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံမှာ စတင်ခဲ့ပြီး စက်ရုံ ၃ ရုံရှိသည့် မုန့်ဖုတ်လုပ်ငန် L&M Mayson တွင် ရှယ်ယာ ၈၀ ရာခိုင်နှုန်းကို ဝမ် ၇၇ ဘီလီယံ (ကန်ဒေါ်လာ ၆၈ ဒသမ ၉ သန်း) ဖြင့် ဝယ်ယူခဲ့သည်။ L&M Mayson ၏ လူသိအများဆုံး ထုတ်ကုန်မှာ Good Morning ပေါင်မုန့် ဖြစ်ပါသည်။ Lotte Confectionery သည် ၂၀၂၂ ခုနှစ်တွင် ရောင်းအားဝင်ငွေ ဝမ် ၃ ထရီလီယံ(ကန်ဒေါ်လာ ၂ ဒသမ ၃၄ ဘီလီယံ) ကျော်ရရှိခဲ့ပြီး လုပ်ငန်းလည်ပတ်အမြတ်ငွေ ဝမ် ၁၁၂ ဘီလီယံ ကျော် ရရှိခဲ့ပါသည်။ Source: https://www.industrialdirectory.com.m
Source: https://myantrade.gov.mm/article/Naypyitaw_29032023_1040

## မဲခေါင်သိပ္ပံ (Mekong Institue-MI)ကကျင်းပပြုလုပ်သည့် “Webinar on Advancinng Sustainable Development in the Lancang–Mekong Region Through Global Development Initiative” သို့ ပါဝင်တက်ရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် မဲခေါင်သိပ္ပံက ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် Zoom application ဖြင့်ကျင်းပပြုလုပ်သည့် “Advancing Sustainable Development in the Lancang–Mekong Region through Global Development Initiative” နှင့်စပ်လျဉ်းသည့် Webinar အား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ Webinar သို့ မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း (၅၁) ဦး ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ Webinar သည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကြိုးပမ်းမှု (Global Development Initiative – GDI) ကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်အတွက် အကြံဉာဏ် များဖလှယ်ကြရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် GDI နှင့် မဲခေါင်–လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု (Lancang–Mekong Cooperation – LMC) လုပ်ငန်းစီမံချက်များ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ မဟာဗျူဟာများ၊ ကြားဝင် စေ့စပ်မှုများနှင့် ချဉ်းကပ်မှုများကို ဖော်ထုတ်လေ့လာကြရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ Webinar အား မဲခေါင်သိပ္ပံမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Mr.Suriyan Vichitlekarn နှင့် UNESCAP ၏ တရုတ်နိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် မဲခေါင်သိပ္ပံကြီးကြပ်မှုကော်မတီအဖွဲ့ဝင်ဖြစ်သူ Mr.Ke Yousheng တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ Webinar ကို အပိုင်း(၂)ပိုင်းဖြင့်ကျင်းပပြုလုပ်ခဲ့ပါသည်။ ပထမပိုင်းတွင် GDI အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်များကို အမေးအဖြေကဏ္ဍများဖြင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ဒုတိယပိုင်းတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်များနှင့်ပတ်သက်၍ဆွေးနွေးညှိနှိုင်းကြရာ မဲခေါင်–လန်ချန်း ဒေသအတွင်းဆင်းရဲမှုလျှော့ချရေး၊ အစားအစာလုံခြုံရေး၊ ကျန်းမာရေး၊ ကာဗွန်လျှော့ချရေးနှင့်အီလက်ထရောနစ်ကုန်သွယ်ရေး စသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များအပေါ် အမေးအဖြေကဏ္ဍများဖြင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/Naypyitaw_29032023_1045

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းမြင့်တက်ခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ (၂၇၄ ဒသမ ၅၈) သန်းရှိခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄၅၁ ဒသမ ၄၀) သန်းရှိခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် (၆၄)ရာခိုင်နှုန်း တိုးလာကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် Tribune Desk သတင်း၌ မတ်လ ၂၇ ရက်နေ့တွင် ရေးသားထားသည်။ ထိုသို့ဘင်္ဂလားဒေ့ရှ်မှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုမြင့်တက်လာရခြင်းမှာ အမေရိကန်ဝယ်လက်များသည် ၎င်းတို့မူလ ဝယ်ယူနေသည့် တရုတ်နှင့်ဗီယက်နမ်မှ ဘင်္ဂလားဒေ့ရှ်သို့ပြောင်းရွှေ့ ဝယ်ယူခြင်းကြောင့်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ အမေရိကန်၏ ပို့ကုန်အမှာစာများ လွှဲပို့ရောက်ရှိလာမှုအရ လာမည့်ရက်များအတွင်း ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်တင်ပို့ရသည့်ဈေးကွက်သည် အမေရိကန်ဖြစ်လာပြီး ဥရောပထက် ပိုမိုကြီးမားသော ဈေးကွက်ဖြစ်လာ မည်ဟု ပြည်တွင်းပို့ကုန် လုပ်ငန်းရှင်များက မျှော်လင့်ခဲ့ကြကြောင်း ဖော်ပြထားသည်။

အမေရိကန်မှ ဖိနပ်တင်သွင်းသူများသည် ယခင်တင်သွင်းနေကျ နိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်နိုင်ငံများအပြင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဖိနပ်များကိုတိုးမြှင့်တင်သွင်းလျက်ရှိကြောင်း ရေးသားထားသည်။ အမေရိကန်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဖိနပ်တင်သွင်းမှုသည် ကမ္ဘာ့ဖိနပ်တင်သွင်းမှု စုစုပေါင်း၏ (၃၅ ဒသမ ၅၁) ရာခိုင်နှုန်းဖြစ်ကြောင်း ရေးသားထားသည်။ အမေရိကန်မှ ဖိနပ်တင်သွင်းမှုသည် တန်ဖိုး အားဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၂၅ ဒသမ ၂၃) ဘီလီယံဖိုး တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ( ၃၃ ဒသမ ၄၃) ဘီလီယံဖိုးထိတိုးမြင့်ခဲ့ကြောင်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပို့ကုန်မြှင့်တင်ရေးဗျူရို၏ ထုတ်ဖော်ပြောကြားချက်အရ ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်များမှ ပို့ကုန်ဝင်ငွေသည် ၂၀၂၂ ခုနှစ်တွင် (၂၅ ဒသမ ၆၃)ရာခိုင်နှုန်းရှိခဲ့ပြီး တန်ဖိုးအားဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၁ ဒသမ ၀၂) ဘီလီယံ မှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၂၈) ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်းလည်း ရေးသားထား

သည်။ ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်တင်ပို့သည့် တန်ဖိုးဒေါ်လာ(၁ ဒသမ ၂၈)ဘီလီယံရှိသည့်အနက် ဒေါ်လာ(၇၉၅ ဒသမ ၅၃) သန်းသည် သားရေဖိနပ်များပို့ဆောင်ခြင်းမှ ရရှိခြင်းဖြစ်သည်။https://www.dhakatribune.com/commerce
Source: https://commerce.gov.mm/

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှုမရှိသော ကုမ္ပဏီများအနေဖြင့် ဗဟိုဘဏ်၏ထုတ်ပြန်ချက်များ လိုက်နာနိုင်ရေးနှင့် လက်ရှိတွေ့ကြုံနေရသည့်အခက်အခဲများ တင်ပြနိုင်ရေး အဆိုပါကုမ္ပဏီများနှင့် ဗဟိုဘဏ်ဆွေးနွေး

ပို့ကုန် ရငွေပြန်လည်ဝင်ရောက်မှုမရှိသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးနိုင်ရန်နှင့် အခက်အခဲများကို အပြန်အလှန်ဆွေးနွေးနိုင်ရန် ဗဟိုဘဏ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အဆိုပါ ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို မတ် ၂၀ ရက်က နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ပို့ကုန်ရငွေပြန် လည်ဝင်ရောက်မှုမရှိသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးနိုင်ရန်နှင့် အခက်အခဲများကို အပြန်အလှန်ဆွေးနွေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈-က၊ ပုဒ်မ ၃၈ (ခ)၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းအပိုဒ် ၃၅ ၊ ၃၆၊ ၃၇ နှင့် အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂) တို့အရ ပို့ကုန်တင်ပို့သူများအနေဖြင့် အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်း၌လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း၌လည်းကောင်း၊ ပို့ကုန်ရငွေများအား နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ပြန်လည်ဝင်ရောက်ခြင်းရှိ/မရှိကို ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းအဖွဲ့တို့မှ ပူးပေါင်းစိစစ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးတို့မှလည်း Export Proceeds ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အနေဖြင့် ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းရမည့်ကာလ သတ်မှတ်ချက်ပြင်ဆင်ပေးခဲ့သည့် အခြေအနေများ၊ အစိုးရမှဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပို့ကုန်ရငွေသည် နိုင်ငံတော်အတွက် အဓိကနိုင်ငံခြားငွေဝင်ရောက်ရာလမ်းကြောင်းဖြစ်သဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက် အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်နေကြောင်း၊ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို သေချာစွာလိုက်နာမှသာ နိုင်ငံအတွင်းငွေကြေးစီးဆင်းမှု ပိုမိုချောမွေ့စေမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် UMFCCI ပို့ကုန်လုပ်ငန်း အမျိုးအစားအလိုက် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဝိုင်းဝန်းတင်ပြဆွေးနွေးခဲ့ကြပြီး လက်ရှိတွေ့ကြုံရသည့်အခက်အခဲများအား တင်ပြဆွေးနွေးခဲ့မှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ UMFCCI ဒုတိယ ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းအမျိုးအစား အလိုက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။
https://news-eleven.com/article/246046

### ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၈.၃.၂၀၂၃ မှ ၂၄.၃.၂၀၂၃ အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဆီးဖတ်(ဇီးဖတ်)၊ စစ်တုံ့ဥ၊ ၊ ချင်းအစို၊ ဆီးသီးခြောက်၊ အုန်းသီးခြောက်၊

ငါးသလောက်၊ ငါးမြစ်ချင်း၊ တံမျက်စည်းကြမ်းနှင့် ဆီးယိုထုပ်တို့တင်ပို့ရာတွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၈၈၈၇၂ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဆီးသီးခြောက်တန်ချိန် ၁၅၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဆီးသီးခြောက်တန်ချိန် ၁၉၆ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဆီးသီးခြောက်တန်ချိန် တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ဆီးသီးခြောက် တင်ပို့နိုင်မှုငွေပမာဏမှာ ၂၆၈၆၀ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်မှ ၃၁ ရက်နေ့ များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၈၇၄၃၉၄၃ ဒသမ ၄၉ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ၁၂၇၉၈၀၀ ဒသမ ၃၂ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ နှမ်းနက်၊ ဖရဲသီး၊ မြေပဲ၊ ပဲတီစိမ်း၊ မန်ကျည်းမှည့် (အစေ့ပါ)၊ ထောပတ်ပဲ၊ ပဲကြီး၊ ရွှေဖရုံသီးနှင့် ကြိမ်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏ သည် ၃၄၀၁၇၅၅ ဒသမ ၄၉ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၃၄၂၁၈၈ ဒသမ ၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့် စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သားရေ/ သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်နှင့် မြက်ခင်းတု များတင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၀၀၆၀ ဒသမ ၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင် သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၈၃၉၇၄၀ ဒသမ ၃၂ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀ ဒသမ ၃၂၈ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၄ ဒသမ ၈၇ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: မနေဒမြေကုန်သွယ်မှုဗဟိုဌာန

# ပြည်ပကုန်သွယ်မှုသတင်း

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်း ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၀၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပို့ကုန်တန်ချိန် (၁၄၆၁၉)၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၁၄ ဒသမ ၃၁၈) သန်း၊ သွင်းကုန်တန်ချိန် (၁၁၀၉)၊ (၇၅၀) M2၊ (၈၁) U၊ (၁၀၀၂၅) BBL၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၂ ဒသမ ၀၆၈)သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၈၆ သန်း ဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန် ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ ဓနိအုန်း၊ ဓနိဖက် တို့ဖြစ်ပြီး၊ အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီးဝါယာကြိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန်၊ ငှက်သိုက်၊ သင်္ဘောအပိုပစ္စည်း၊ ငါးထည့်သည့်ခြင်း၊ ရေခဲပုံး၊ ဖိနပ်ကုန်ကြမ်း တို့ဖြစ်ကြောင်း သိရှိရသည်။

Source: https://commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/

## စတုတ္ထအကြိမ် မြန်မာ(နေပြည်တော်)- တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိကျင်းပမည့် စတုတ္ထအကြိမ် မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့၊ ၁၄:၃၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေး ခန်းမ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ Physical/Virtual စနစ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကား ပြောကြားခဲ့ရာ စတုတ္ထအကြိမ် မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည့်ကိစ္စရပ်များ၊ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်နိုင် မည့် အသေးစား အငယ်စား အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ၏ ထုတ်ကုန်များကို ပါဝင်ခင်းကျင်းပြသနိုင်ရေး ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ (၄၀) ဦးကျော် တက်ရောက် ခဲ့ကြကြောင်း သိရပါသည်။Source: https://myantrade.gov.mm/event/

## အထူးဆောင်းပါးများ

### တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ် ထုတ်လုပ်မှု တိုးတက်စေရေးမူဝါဒ ထုတ်ပြန်

တရုတ်နိုင်ငံသည် စားနပ်ရိက္ခာဖူလုံရေးအတွက် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ပဲပိစပ် စိုက်ပျိုးမှုကိုတိုးချဲ့ရန်နှင့် တောင်သူများ၏အကျိုးစီးပွားကိုကာကွယ်ရန် မူဝါဒအစီအမံအချို့ကို ထုတ်ပြန်ခဲ့သည်။ စိုက်ပျိုးရေး နှင့်ကျေးလက်ရေးရာဝန်ကြီးဌာနက စားသုံးဆီထုတ်လုပ်မှုကို အားကောင်းလာစေရန်အတွက် ပဲပိစပ်စိုက်ပျိုးသော တောင်သူ လယ်သမားများအားပံ့ပိုးကူညီရာတွင် မက်လုံးများစွာချမှတ်မည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရသည် ပြောင်းနှင့် ပဲပိစပ်စိုက်ပျိုးသော လယ်သမားများအား ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်ပြီး နိုင်ငံ၏အဓိက စပါးစိုက်ပျိုးသည့်ဒေသဖြစ်သည့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်နယ်အာဏာပိုင်များကိုလည်း အလားတူလုပ်ဆောင်ရန် အားပေးမည်ဖြစ်ကြောင်း၊ စရိတ်စကများ ကာမိစေရန်နှင့် ဝင်ငွေရရှိရေး အာမခံပေးမည့် ပဲပိစပ်တောင်သူများအတွက် ဈေးငွေပိုမိုတိုးမြှင့်ပေးမည်ဖြစ်ကြောင်း ၁၇-၃-၂၀၂၃ ရက်နေ့ (သောကြာနေ့) ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ပိုင်းဒေသ၊ အရှေ့တောင်ပိုင်းဒေသနှင့် ယန်ဇီမြစ်အောက်ပိုင်းနှင့် အလယ်ပိုင်းရှိ လယ်သမားများအား စပါးနှင့် ပဲပိစပ်များ ယှဉ်တွဲစိုက်ပျိုးသည့် ရှေ့ပြေးအစီအစဉ်တွင် ပါဝင်ရန် တွန်းအားပေးသွားမည်ဖြစ်ပြီး ဒေသဆိုင်ရာအာဏာပိုင်များ သည် လယ်သမားများအား သစ်သီးပင်များ၊ ဂျုံစပါးနှင့်အတူ ပဲပိစပ်စိုက်ပျိုးရန် တွန်းအားပေးသွားမည်ဖြစ်သည်။

နည်းပညာဝန်ဆောင်မှုများ အားကောင်းလာစေရန်၊ ပိုမိုကောင်းမွန်သောမျိုးကွဲများ၊ စိုက်ပျိုးနည်းစနစ်များနှင့် စက်ယန္တရားများအသုံးပြုမှုကိုမြှင့်တင်ရန် စသောအဆင့်များအပါအဝင် 906 ပဲပိစပ်စိုက်ပျိုးသော ခရိုင်တစ်ခုစီအတွက် အံဝင် ခွင်ကျဖြေရှင်းနိုင်မည့် နည်းလမ်းများထွက်ပေါ်လာရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ မိသားစုလယ်ယာ များ၊ ကျေးလက်သမဝါယမများနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများကိုလည်း ပဲပိစပ်စိုက်ပျိုးရန် တွန်းအားပေးမည်ဖြစ်ပြီး အစိုးရအနေဖြင့် ပဲပိစပ်စိုက်ပျိုးသူများအတွက် ကုန်ကျစရိတ်သက်သက်သာသာနှင့် အဆင်ပြေပြီး အလုံးစုံဝန်ဆောင်မှုများ ပေးနိုင်ရန် ကျွမ်းကျင်သော ဝန်ဆောင်မှုပေးသူများကို ဖြစ်ထွန်းလာအောင် အစိုးရမှ တွန်းအားပေးသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏အကြီးဆုံးစပါးသိုလှောင်မှုနှင့်သယ်ယူပို့ဆောင်ရေးကုမ္ပဏီ China Grain Reserves Group Co.,Ltd သည် ပဲပိစပ်စိုက်ပျိုးမှု အများဆုံးဖြစ်သည့်ဒေသများဖြစ်သော Heilongjiang ပြည်နယ်နှင့် Inner Mongolia ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများရှိ ပဲပိစပ်များကို စိုက်ပျိုးသူများထံမှ ဝယ်ယူရန်ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ် ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ပဲပိစပ်တင်သွင်းမှုအများဆုံးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဖူလုံရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် နိုင်ငံ၏ ခေါင်းဆောင်ပိုင်းမှ တောင်းဆိုထားသောကြောင့် ယမန်နှစ်တွင် စိုက်ပျိုးမှုတိုးချဲ့ရန် ကြိုးပမ်း အားထုတ်မှုများ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ပဲပိစပ်တန်ချိန် ၉၁ ဒသမ ၀၈ သန်း တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄၀ ဒသမ ၈၄ ဘီလီယံရှိပြီး ယင်းကိန်းဂဏန်းနှစ်ခုစလုံးမှာ တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အကောက်ခွန်အထွေထွေ အုပ်ချုပ်ရေးအဖွဲ့မှ သိရှိရပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ပဲပိစပ်သုတေသနပညာရှင် Yin Ruifeng က တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်မတိုင်မီ ၎င်း၏ပဲပိစပ် ၈၅ ရာခိုင်နှုန်းကျော်အတွက် နိုင်ငံတကာဈေးကွက်ကို မှီခိုအားထားနေရပြီး ဖူလုံမှုအဆင့်ကို မြှင့်တင်ရန် အခြေအနေများစွာရှိနေသည်ဟု ဆိုသည်။ သို့သော်လည်း လယ်သမားများစွာသည် ယမန်နှစ်တွင် ပဲပိစပ်ကို ပြောင်းလဲစိုက်ပျိုးပြီးနောက် ပြည်တွင်းထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းကျဆင်းလာသဖြင့် စိုက်ပျိုးသူများ၏ စိတ်အားထက်သန်မှုကို လျော့နည်းလာစေကြောင်းနှင့် ပဲပိစပ်ဖူလုံမှုအဆင့်ကို မြှင့်တင်ဖို့သည် အချိန်ကုန်စေသော လုပ်ငန်းစဉ် ဖြစ်ပြီး ပြည်တွင်းမျိုးကွဲများ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်များ ထူထောင်နိုင်ရန်အတွက် လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း သူမက ပြောကြားခဲ့ပါသည်။

**သုံးသပ်ချက်**

ယခုလအတွင်း ပဲပိစပ်ဆီဈေးကွက်သည် ဆက်လက်လှုပ်ခတ်နေပြီး တဖြည်းဖြည်းကျဆင်းလျက်ရှိသည်ကို တွေ့ရပါသည်။ မတ်လပထမအပတ်တွင် ပျမ်းမျှပဲပိစပ်ဆီဈေးသည် တစ်တန်လျှင် ၉,၆၃၄ ယွမ်ရှိပြီး မတ်လတတိယအပတ်တွင် ပဲပိစပ်ဆီဈေးကွက်တွင် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၈,၄၉၀ ယွမ်ဖြစ်လာသဖြင့် ဈေးနှုန်းအနေဖြင့် ၁၁ ဒသမ ၈၉ ရာခိုင်နှုန်းခန့် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ပဲပိစပ်ဆီဈေးကွက် ကျဆင်းမှုကို ထိခိုက်စေသည့် အကြောင်းအရင်းများ ကို အောက်ပါအတိုင်း လေ့လာသုံးသပ်ထားပါသည်-

**ထောက်ပံ့မှု**

ပို့ဆောင်ရေးအချက်အလက်များအရ မတ်လအတွင်း တင်သွင်းသည့် ပဲပိစပ်ပမာဏ မှာ တန်ချိန် ၆ ဒသမ ၁၉ သန်းရှိပြီဖြစ်သဖြင့် ယခင်လက ခန့်မှန်း ထားသည့် တန်ချိန် ၅ ဒသမ ၇၈၅ သန်းနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၁၈,၀၀၀ တိုးလာပြီး ယခင်နှစ် အလားတူကာလ တင်သွင်းမှု တန်ချိန် ၅ ဒသမ ၈၇၂ သန်းနှင့် နှိုင်းယှဉ်မည်ဆိုပါကလည်း တန်ချိန် ၄၀၅,၀၀၀ တိုးလာခဲ့ကြောင်း တွေ့ရှိရပါသည်။ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်း ပဲပိစပ်များ အသုံးပြုမှု မြင့်တက်လာသဖြင့် ပဲပိစပ်ဆီဈေးနှုန်း မြင့်တက်လာနိုင်ရေး အတွက် ဖိအားများစွာ ရင်ဆိုင်နေရပါသည်။

**သိုလှောင်မှုစာရင်းအင်း**

စာရင်းအင်းများအရ ယခုနှစ်၏ ပထမသုံးလပတ်တွင် ပဲပိစပ်ဆီသည် တန်ချိန် ၈၀၀,၀၀၀ အတွင်း လည်ပတ်နေသဖြင့် မြင့်မားသောအဆင့်တွင် ရှိနေပါသည်။ ယခုလတွင်လည်း ပဲပိစပ်ဆီစာရင်းအင်းအရ တန်ချိန် ၇၄၀,၀၀၀ မှ ၈၄၀,၀၀၀ အကြား တွင် ဆက်လက်တည်ရှိနေပြီး အဓိကအားဖြင့် မြင့်မားသောအဆင့်တွင် လည်ပတ်နေသည်ကို တွေ့ရှိသော်လည်း မတ်လလယ် တွင် ပဲပိစပ်ဆီ သိုလှောင်မှု တန်ချိန် ၆၇၀,၀၀၀ အထိ ကျဆင်းခဲ့သဖြင့် ပဲပိစပ်ဆီ ဈေးကွက်မှာ အတိုင်းအတာတစ်ခုအထိ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာ့ဈေးကွက်**

အမေရိကန်ပဲပိစပ်ဆီ၏ အနာဂတ်ဈေးနှုန်း ဆက်လက်ကျဆင်းနေချိန်တွင် တောင်အမေရိကပဲပိစပ်များကို အလေး အနက်ထားလာသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဟင်းသီးဟင်းရွက်ဆီ စားသုံးမှုဝယ်လိုအား အားနည်းလာသဖြင့် ပြင်ပဆီဈေးကွက်သည်လည်း ကျဆင်းလာသည်ကိုတွေ့ရပါသည်။ တရုတ်နိုင်ငံ Dalian မြို့ တွင် ပဲပိစပ်ဆီဈေးကွက် ကျဆင်း လာသည်နှင့် ပဲပိစပ်ဆီ ဈေးနှုန်းသည်လည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**ဝယ်လိုအား**

သိုလှောင်မှုဂိတ်အဝင်အထွက်စာရင်းတွင် စားသုံးသူဝယ်လိုအားမှာ အနည်းငယ်ကျဆင်းသွားပြီး ပဲပိစပ်ဆီဈေးနှုန်း များ အဆက်မပြတ်ကျဆင်းလာကာ စားသောက်ကုန်လုပ်ငန်းများ၏ သိုလှောင်ထားမှုမှာလည်းနှေးကွေးသွားခဲ့သည်။ ဝယ်ယူ အသုံးပြုခြင်းနှင့် ဝယ်လိုအားကျဆင်းလာပြီး ပဲပိစပ်ဆီဈေးကွက်မှာလည်း အားနည်းသည့်ပုံစံဖြင့် ဆက်လက်ကျဆင်းလာခဲ့ သည်ကို တွေ့ရှိရပါသည်။ Source: March 22, 2023 10:00 China Daily

စီးပွားရေးသံမှူး၊ ကူမင်းမြို့

https://myantrade.gov.mm/article/Naypyitawstp_290320230145

## အမိန့်ကြော်ငြာစာများ

### သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်များ တင်သွင်းမှုနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ထားသည့် ကိစ္စအား ပြင်ဆင်ထုတ်ပြန်

သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သည့် ကုန်စည်များတင်သွင်းမှုနှင့်ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ထားသည့် ကိစ္စအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက မတ် ၂၂ ရက် ရက်စွဲဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့်ထုတ်ပြန်ထားသော အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ၎င်းဦးစီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ဖြင့် **"သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည် ကုန်ပစ္စည်းများအတွက် အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်းမရှိစေရ"** ဟုထုတ်ပြန်ထားပါသည်။

ထို့ပြင် ပို့ကုန်သွင်းကုန်သတင်းလွှာအမှတ် ၆/၂၀၂၂ ဖြင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက်မရမီ ကုန်စည်နှင့် ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထပ်မံထုတ်ပြန်ကြေညာထားပါသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အကောက်ခွန် သိုလှောင်ရုံတွင် ကာလကြာရှည်စွာ ထည့်သွင်းသိုလှောင်ခြင်းကြောင့် ကုန်စည်များ အရည်အသွေးထိခိုက်မှု မရှိစေရေးအတွက်လည်းကောင်း အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ပါထုတ်ပြန်ကြေညာချက်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့မှစတင်၍ (၆)တိတိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးမြှင့်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

Source: commerce.gov.mm

### ကုန်ပစ္စည်းတင်သွင်းသူ ကုမ္ပဏီ၊ လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက် သည့် သတင်းလွှာအမှတ် (၇/၂၀၂၃) ဖြင့် ၁၄.၂၀၂၃ ရက်နေ့မှစ၍ အကောက်ခွန်သိုလှောင်ရုံ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းမရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုန်ပစ္စည်းတင်သွင်းသူ ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ ကုန်စ္စည်းများ တင်သွင်းရာတွင် ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်ရရှိပြီးမှသာ တင်သွင်းပါရန် အသိပေးကြေညာ အပ်ပါသည်။အကောက်ခွန်ဦးစီးဌာန

https://customs.gov.mm/node/1118

### အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှု အခကြေးငွေသတ်မှတ်ခြင်း

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၃ ကို ထုတ်ပြန်လိုက်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ည)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထူညီချက်ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဥ်း၍ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | လျှောက်ထားလိုသည့်ဝန်ဆောင်မှုအမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|
| (က) | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားမှုအား လက်ခံစစ်ဆေးခြင်း (TM-1) | ၁၅၀,၀၀၀ |
| (ခ) | သတ်မှတ်ထားသည့် စည်းကမ်းများ ပျက်ကွက်ခဲ့မှုကြောင့် အမှတ်တံဆိပ် မှတ်ပုံတင်ပြန်လည် လျှောက်ထားခွင့်ပြုရန် တောင်းဆိုမှုအား လက်ခံစစ်ဆေးခြင်း (TM-3) | ၁၀၀,၀၀၀ |
| (ဂ) | အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်တွင် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM-4) | ၅၀,၀၀၀ |
| (ဃ) | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ပါ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား စာရင်းကို ကန့်သတ်ပေးရန် တောင်းဆိုမှုအား စိစစ်ကန့်သတ်ခြင်း(TM-6) | ၅၀,၀၀၀ |
| (င) | အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို ခွဲခြားပေးရန် တောင်းဆိုမှုအား စိစစ်ခွဲခြားပေးခြင်း (TM-7) | ၁၀၀,၀၀၀ |
| (စ) | အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ကန့်ကွက်လွှာ လျှောက်ထားမှုအား စစ်ဆေးခြင်း(TM-8) | ၁၅၀,၀၀၀ |
| (ဆ) | အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ခြင်း | ၁၅၀,၀၀၀ |
| (ဇ) | အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် တောင်းဆိုမှုအား စိစစ်ခွင့်ပြုခြင်း (TM-9) | ၅၀,၀၀၀ |
| (ဈ) | အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM-10) | ၅၀,၀၀၀ |
| (ည) | အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM-11) | ၃၀၀,၀၀၀ |
| (ဋ) | အမှတ်တံဆိပ်အခွင့်အရေးများ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM-12) | ၁၀၀,၀၀၀ |
| (ဌ) | မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားမှုအား စိစစ်မှတ်တမ်းတင်ခြင်း (TM-13) | ၁၀၀,၀၀၀ |
| (ဍ) | မှတ်ပုံတင်အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာပေးရန် တောင်းဆိုမှုအား စစ်ဆေးခြင်း (TM-15) | ၁၅၀,၀၀၀ |
| (ဎ) | မှတ်ပုံတင်အမှတ်တံဆိပ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား စစ်ဆေးခြင်း (TM-16) | ၁၀၀,၀၀၀ |
| (ဏ) | ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် တောင်းဆိုမှုအား စိစစ်ပြင်ဆင်ခြင်း (TM-17) | ၂၀,၀၀၀ |
| (တ) | သတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုမှုအား စိစစ်ခွင့်ပြုခြင်း (TM-18) | ၅၀,၀၀၀ |
| (ထ) | အယူခံလျှောက်ထားမှုအား စစ်ဆေးခြင်း (TM-19) | ၅၀၀,၀၀၀ |

၂။ (က) TM-1၊ TM-11၊ TM-19 နှင့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ခြင်း လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားနံပါတ်တစ်ခုအတွက်သာဖြစ်သည်။

(ခ) TM-12 နှင့် TM-13 တို့၏ တောင်းဆိုမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် အမှတ်တံဆိပ်တစ်ခုအတွက်သာ ဖြစ်သည်။

(ဂ) TM-3၊ TM-4၊ TM-6၊ TM-7၊ TM-8၊ TM-9၊ TM-10၊ TM-15၊ TM-16၊ TM-17 နှင့် TM-18 တို့၏ တောင်းဆိုမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် တောင်းဆိုလျှောက်ထားမှုတစ်ခုအတွက်သာ ဖြစ်သည်။

၃။ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစားများအတွက် အခကြေးငွေများကို အခါအားလျော်စွာ စိစစ်၍ ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

Source: မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၃၊ မတ်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 49,631,370.392 | 285.475 | | 1 | ရေနံထွက်ပစ္စည်းများ | 482.291 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 25,109,930.650 | 272.607 | | 2 | စက်နှင့်စက်ပစ္စည်းများ | 175.158 |
| 3 | ပြောင်း | မတန် | 202,685.379 | 230.193 | | 3 | ချည်ထည်များ | 107.323 |
| 4 | ပဲတီစိမ်း | မတန် | 131,779.187 | 88.268 | | 4 | စားအုန်းဆီ | 79.172 |
| 5 | ဆန် | မတန် | 81,286.436 | 35.607 | | 5 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 45.991 |
| 6 | ဆန်ကွဲ | မတန် | 80,650.300 | 30.326 | | 6 | ဆေးဝါးပစ္စည်းများ | 39.440 |
| 7 | ငါး | မတန် | 38,115.191 | 40.261 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 48.401 |
| 8 | ရော်ဘာစိမ်း | မတန် | 20,090.130 | 24.086 | | 8 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 75.230 |
| 9 | ပဲစင်းငုံ | မတန် | 40,810.883 | 32.471 | | 9 | မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ | 29.151 |
| 10 | မတ်ပဲ | မတန် | 43,809.101 | 34.220 | | 10 | ဓါတုဗေဒပစ္စည်းများ | 25.071 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄-၃-၂၀၂၃ )ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၃-၂၀၂၃ ) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄-၃-၂၀၂၃)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၃-၂၀၂၃)ထိ | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 3901.738 | 3971.227 | -69.489 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 3572.178 | 3269.408 | 302.770 |
| ၂ | တိရိစ္ဆာန်ထွက် | 20.431 | 7.968 | 12.463 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 8165.620 | 5919.946 | 2245.674 |
| ၃ | ရေထွက် | 745.003 | 805.290 | -60.287 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 333.188 | 646.367 | -313.179 | | ၃ | လူသုံးကုန်ပစ္စည်း | 2876.595 | 3400.302 | -523.707 |
| ၅ | သစ်တောထွက် | 137.327 | 143.085 | -5.758 | | ၄ | CMP | 2466.994 | 1861642 | 605.352 |
| ၆ | စက်မှုကုန်ချော | 10733.298 | 8549.968 | 2183.330 | | | | | | |
| ၇ | အခြား | 413.325 | 764.421 | -351.096 | | | | | | |
| | **စုစုပေါင်း** | **16284.310** | **14888.326** | **1395.984** | | | **စုစုပေါင်း** | **17081.387** | **14451.298** | **2630.089** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၃၊ မတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၄.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 70000–72000 |
| မြောင်းမြ | 51000–53000 | 73000–75000 |
| ဒေးဒရဲ | 52000–53000 | 70000–71000 |
| ဝါးခယ်မ | 52000–53000 | 68000–69000 |
| ဘိုကလေး | 52000–53000 | 69000–70000 |
| မော်ကျွန်း | 52000–53000 | 69000–70000 |
| လပွတ္တာ | 52000–53000 | 70000–72000 |
| ကျိုက်လတ် | 51000–52000 | 68000–70000 |
| ဘုရင့်နောင် | 51000–52000 | 80000–86000 (ရွှေဘို) |

**Source: MRF**

## ၂၀၂၃၊ မတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.3.2023 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |
| 2 | 13.3.2023 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |
| 3 | 20.3.2023 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |
| 4 | 28.3.2023 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |

Source: MRPPA

## ၂၀၂၃၊ မတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.3.2023 | 69000 | 68000 | 67000 | 59000 | 58500 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 2 | 3.3.2023 | 69000 | 68000 | 67000 | 59000 | 58500 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 3 | 6.3.2023 | 69000 | 68000 | 67000 | 60000 | 59000 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 4 | 7.3.2023 | 69000 | 68000 | 67000 | 60000 | 59000 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 5 | 8.3.2023 | 69000 | 68000 | 67000 | 60000 | 59000 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 6 | 9.3.2023 | 69000 | 68000 | 67000 | 60000 | 59000 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 7 | 10.3.2023 | 69000 | 68000 | 67000 | 60000 | 59000 | 58000 | 51000 | 50000 | 495000 | 50000 | 49000 | 48000 |
| 8 | 13.3.2023 | 70000 | 69000 | 68000 | 60000 | 59000 | 58000 | 53500 | 52500 | 52000 | 50000 | 49000 | 48000 |
| 9 | 14.3.2023 | 70000 | 69000 | 68000 | 60000 | 59000 | 58000 | 53500 | 52500 | 52000 | 50000 | 49000 | 48000 |
| 10 | 15.3.2023 | 70000 | 69000 | 68000 | 60000 | 59000 | 58000 | 53500 | 52500 | 52000 | 50000 | 49000 | 48000 |
| 11 | 16.3.2023 | 70000 | 69000 | 68000 | 60000 | 59000 | 58000 | 53500 | 52500 | 52000 | 50000 | 49000 | 48000 |
| 12 | 17.3.2023 | 70000 | 69000 | 68000 | 60000 | 59000 | 58000 | 53500 | 52500 | 52000 | 50000 | 49000 | 48000 |
| 13 | 20.3.2023 | 72000 | 71000 | 70000 | 64000 | 63500 | 63000 | 55000 | 54000 | 53500 | 54000 | 53500 | 53000 |
| 14 | 21.3.2023 | 72000 | 71000 | 70000 | 64000 | 63500 | 63000 | 55000 | 54000 | 53500 | 54000 | 53500 | 53000 |
| 15 | 22.3.2023 | 72000 | 71000 | 70000 | 64000 | 63500 | 63000 | 55000 | 54000 | 53500 | 54000 | 53500 | 53000 |
| 16 | 23.3.2023 | 72000 | 71000 | 70000 | 64000 | 63500 | 63000 | 55000 | 54000 | 53500 | 54000 | 53500 | 53000 |
| 17 | 24.3.2023 | 72000 | 71000 | 70000 | 64000 | 63500 | 63000 | 55000 | 54000 | 53500 | 54000 | 53500 | 53000 |
| 18 | 28.3.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53200 | 53000 | 54000 | 53500 | 53000 |
| 19 | 29.3.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53200 | 53000 | 54000 | 53500 | 53000 |
| 20 | 30.3.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53200 | 53000 | 54000 | 53500 | 53000 |
| 21 | 31.3.2023 | 72000 | 71000 | 70000 | 64500 | 63500 | 63000 | 54000 | 53200 | 53000 | 54000 | 53500 | 53000 |

Source: Myanmar Rice

## ၂၀၂၃၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.3.2023 | 1858500 | 2160000 | 1478900–1531000 | 2397500 | 1990300–2020900 | 2183200 |
| 2 | 3.3.2023 | 1851000 | 2147500 | 1478900–1531000 | 2397500 | 1990300–2020900 | 2183200 |
| 3 | 6.3.2023 | 1863500 | 2175000 | 1426900–1482000 | 2397500 | 1990300–2020900 | 2183200 |
| 4 | 7.3.2023 | 1863000 | 2180000 | 1426900–1482000 | 2397500 | 2020900–2072900 | 2183200 |
| 5 | 8.3.2023 | 1879500 | 2190000 | 1426900–1482000 | 2397500 | 2020900–2072900 | 2183200 |
| 6 | 9.3.2023 | 1905500 | 2115000 | 1426900–1482000 | 2397500 | 2020900–2072900 | 2183200 |
| 7 | 10.3.2023 | 1935000 | 2211000 | 1426900–1482000 | 2397500 | 2020900–2072900 | 2183200 |
| 8 | 13.3.2023 | 1932500 | 2220000 | 1426900–1482000 | 2397500 | 2039300–2094400 | 2342400 |
| 9 | 14.3.2023 | 1948000 | 2225000 | 1426900–1482000 | 2397500 | 2091300–2143400 | 2342400 |
| 10 | 15.3.2023 | 1965000 | 2235000 | 1426900–1482000 | 2397500 | 2091300–2143400 | 2342400 |
| 11 | 16.3.2023 | 1985000 | 2257500 | 1426900–1482000 | 2397500 | 2174000–2216900 | 2342400 |
| 12 | 17.3.2023 | 2008000 | 2278000 | 1426900–1482000 | 2397500 | 2174000–2216900 | 2342400 |
| 13 | 20.3.2023 | 2039500 | 2360000 | 1426900–1482000 | 2345500 | 2174000–2204600 | 2342400 |
| 14 | 21.3.2023 | 2054000 | 2397500 | 1426900–1482000 | 2345500 | 2192400–2226000 | 2342400 |
| 15 | 22.3.2023 | 2049000 | 2370000 | 1426900–1482000 | 2345500 | 2192400–2226000 | 2342400 |
| 16 | 23.3.2023 | 2041000 | 2340000 | 1426900–1482000 | 2296500 | 2192400–2226000 | 2342400 |
| 17 | 24.3.2023 | 2019000 | 2350000 | 1426900–1482000 | 2296500 | 2192400–2247500 | 2342400 |
| 18 | 28.3.2023 | 2038000 | 2370000 | 1426900–1482000 | 2296500 | 2174000–2226000 | 2342400 |
| 19 | 29.3.2023 | 2060000 | 2377500 | 1426900–1482000 | 2296500 | 2143000–2186200 | 2342400 |
| 20 | 30.3.2023 | 2056000 | 2385000 | 1426900–1482000 | 2296500 | 2183200–2226000 | 2342400 |
| 21 | 31.3.2023 | 2068000 | 2385000 | 1426900–1482000 | 2296500 | 2183200–2226000 | 2342400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.3.2023 | 2761900–2820100 | 1295200–1328900 | 1478900–1531000 | 1837200–1889200 | 765500–77700 |
| 2 | 3.3.2023 | 2761900–2820100 | 1295200–1328900 | 1478900–1531000 | 1837200–1889200 | 747100–759400 |
| 3 | 6.3.2023 | 2761900–2820100 | 1295200–1328900 | 1478900–1561600 | 1837200–1889200 | 734900–747100 |
| 4 | 7.3.2023 | 2761900–2820100 | 1295200–1316600 | 1478900–1531000 | 1837200–1889200 | 734900–747100 |
| 5 | 8.3.2023 | 2761900–2820100 | 1273800–1307500 | 1478900–1512600 | 1837200–1889200 | 734900–747100 |
| 6 | 9.3.2023 | 2761900–2820100 | 1273800–1307500 | 1478900–1512600 | 1837200–1889200 | 728700–741000 |
| 7 | 10.3.2023 | 2761900–2820100 | 1255400–1276800 | 1478900–1512600 | 1837200–1889200 | 728700–741000 |
| 8 | 13.3.2023 | 2761900–2820100 | 1255400–1276800 | 1478900–1512600 | 1837200–1889200 | 728700–741000 |
| 9 | 14.3.2023 | 2761900–2820100 | 1255400–1276800 | 1478900–1512600 | 1837200–1889200 | 728700–741000 |
| 10 | 15.3.2023 | 2761900–2820100 | 1255400–1276800 | 1448300–1512600 | 1837200–1889200 | 728700–741000 |
| 11 | 16.3.2023 | 2761900–2820100 | 1255400–1307500 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 12 | 17.3.2023 | 2761900–2820100 | 1255400–1307500 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 13 | 20.3.2023 | 2761900–2820100 | 1255400–1307500 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 14 | 21.3.2023 | 2761900–2820100 | 1255400–1307500 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 15 | 22.3.2023 | 2761900–2820100 | 1255400–1307500 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 16 | 23.3.2023 | 2761900–2820100 | 1224800–1298300 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 17 | 24.3.2023 | 2761900–2820100 | 1224800–1298300 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 18 | 28.3.2023 | 2761900–2820100 | 1194200–1276800 | 1448300–1512600 | 1837200–1889200 | 722600–734900 |
| 19 | 29.3.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 722600–734900 |
| 20 | 30.3.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 722600–734900 |
| 21 | 31.3.2023 | 2761900–2820100 | 1194200–1276800 | 1408500–1482000 | 1837200–1889200 | 722600–734900 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.3.2023 to 3.3.2023 | 6.3 .2023 to 10.3.2023 | 13.3.2023 to 17.3.2023 | 20.3.2023 to 24.3.2023 | 28.3.2023 to 31.3.2023 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 -23 crop) | FAQ | 780–800 | 790–810 | 830–850 | 840–860 | 860–880 |
| | SQ | 880–900 | 890–910 | 930–950 | 950–970 | 965–985 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 880–930 | 880–930 | 920–970 | 920–970 | 930–980 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 940–990 | 940–990 | 980–1030 | 980–1030 | 990–1040 |
| | အခွံပါ အခြမ်း | 825–875 | 825–875 | 865–915 | 865–915 | 975–925 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 910–940 | 910–940 | 910–940 | 880–910 | 880–910 |
| | ရွှေဂါအသေး (Under 3.5 mm) | 1030–1050 | 1030–1050 | 1030–1050 | 1000–1020 | 1000–1020 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 1020–1040 | 1020–1040 | 1020–1040 | 980–1000 | 980–1000 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 930–960 | 930–960 | 930–960 | 900–930 | 900–930 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 720–770 | 720–770 | 660–700 | 610–640 | 610–640 |
| | SQ ပဲနောက် | 820–870 | 820–870 | 790–830 | 750–790 | 750–790 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 1100–1150 | 1100–1150 | 1070–1120 | 1050–1100 | 1050–1100 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 885–935 | 835–885 | 775–800 | 730–755 | 730–755 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 860–910 | 860–910 | 830–880 | 810–860 | 810–860 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 890–910 | 895–915 | 915–935 | 925–945 | 950–970 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 850–870 | 855–875 | 875–895 | 875–895 | 900–920 |
| | အခွံချွတ်အခြမ်း | 1230–1255 | 1230–1255 | 1250–1275 | 1250–1275 | 1275–1300 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 875–900 | 875–900 | 850–900 | 850–900 | 850–900 |
| | အခွံချွတ်အခြမ်း | 1200–1220 | 1200–1220 | 1175–1195 | 1175–1195 | 1175–1195 |
| ပဲလွန်းဖြူ | FAQ | 600–630 | 600–630 | 610–640 | 605–625 | 605–625 |
| | SQ | 635–685 | 635–685 | 620–670 | 615–665 | 615–665 |
| | အခွံချွတ်အခြမ်း | 815–865 | 815–865 | 825–875 | 820–870 | 820–870 |
| ပဲလွန်းနီ | FAQ | 940–990 | 920–970 | 890–940 | 890–940 | 855–905 |
| ပဲထောပတ် | FAQ | 1020–1050 | 1050–1080 | 1050–1080 | 1050–1080 | 1050–1080 |
| | အခွံချွတ်အခြမ်း | 1120–1150 | 1150–1180 | 1150–1180 | 1150–1180 | 1150–1180 |
| ပြောင်းဆံ | | 320–340 | 310–330 | 310–330 | 310–330 | 310–330 |
| နှမ်းဖြူ | | 1790–1840 | 1790–1840 | 1790–1840 | 1790–1840 | 1770–1820 |
| နှမ်းနက် (စမုံ) | | 1680–1730 | 1680–1730 | 1650–1700 | 1650–1700 | 1620–1670 |
| နှမ်းညို | | 1450–1500 | 1450–1500 | 1450–1500 | 1450–1500 | 1440–1490 |
| နှမ်းနက် (ရိုးရိုး) | | 1450–1500 | 1450–1500 | 1450–1500 | 1450–1500 | 1440–1490 |
| မြေထောက်ပဲ(အနီ) | | 1360–1385 | 1360–1385 | 1360–1385 | 1400–1425 | 1435–1460 |
| မြေထောက်ပဲ(အဖြူ) | | | | | 1125–1150 | 1125–1150 |
| ပဲယင်း(ဂါ) | | 670–695 | 670–695 | 670–695 | 690–715 | 690–715 |
| ပဲယင်း(နီ) | | 1010–1060 | 1010–1060 | 1010–1060 | 960–1010 | 950–1000 |
| Azuki ပဲတီစိမ်း(နီ) | | 1250–1280 | 1250–1280 | 1250–1280 | 1250–1280 | 1250–1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 1 3.2023 to 7.3.2023 | 8.3.2023 to 14.3.2023 | 15.3.2023 to 21.3.2023 | 22.3.2023 to 28.3.2023 | 29.3.2023 To 4.4.2023 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 470-480 | 470-480 | 470-480 | 470-485 | 475-485 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 470-475 | 470-475 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 460-465 | 460-465 | 460-465 | 465-470 | 465-470 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 455-460 | 455-460 | 455-460 | 460-465 | 460-465 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 450-455 | 450-455 | 450-455 | 455-460 | 455-460 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 460-465 | 460-465 | 460-465 | 465-470 | 465-470 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 455-460 | 455-460 | 455-460 | 460-465 | 460-465 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 450-455 | 450-455 | 450-455 | 455-460 | 455-460 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 445-450 | 445-450 | 445-450 | 450-455 | 450-455 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 445-450 | 445-450 | 445-450 | 445-450 | 445-450 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 485-495 | 485-495 | 485-495 | 500-510 | 500-510 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 480-485 | 480-485 | 480-485 | 490-500 | 490-500 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 475-480 | 475-480 | 475-480 | 480-490 | 480-490 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 470-475 | 470-475 | 470-475 | 470-480 | 470-480 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 475-480 | 475-480 | 475-480 | 480-490 | 480-490 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 470-475 | 470-475 | 470-475 | 475-480 | 475-480 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 465-470 | 465-470 | 465-470 | 470-480 | 470-480 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 450-455 | 450-455 | 450-455 | 455-460 | 455-460 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 485-490 | 485-490 | 485-490 | 500-510 | 500-510 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 480-485 | 480-485 | 480-485 | 490-500 | 490-500 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 475-480 | 475-480 | 475-480 | 480-490 | 480-490 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 450-455 | 450-455 | 450-455 | 460-465 | 460-465 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 485-490 | 485-490 | 485-490 | 500-510 | 500-510 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 480-490 | 480-490 | 480-490 | 490-500 | 490-500 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 475-480 | 475-480 | 475-480 | 480-490 | 480-490 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 460-470 | 460-470 | 460-470 | 470-480 | 470-480 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 520-525 | 520-525 | 520-525 | 540-550 | 540-550 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 515-520 | 515-520 | 515-520 | 530-540 | 530-540 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460-470 | 460-470 | 460-470 | 460-470 | 460-470 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 520-525 | 520-525 | 520-525 | 540-550 | 540-550 |
| 31 | Myanmar Glutinous Rice 5% Broken | 650-700 | 650-700 | 650-700 | 650-700 | 65-700 |
| 32 | Myanmar Glutinous Rice 10 % Broken | 600-650 | 600-650 | 600-650 | 600-650 | 600-650 |
| 33 | Myanmar Glutinous Rice 15 % Broken | 590-600 | 590-600 | 590-600 | 590-600 | 590-600 |

**Source: MRF**

## ၂၀၂၃၊ မတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Narural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USd/ gal) | USD/ MMBtu) | (USd/ gal) |
| 1 | 1.3.2023 | 77.48 | 83.89 | 243.43 | 2.77 | 282.86 |
| 2 | 3.3.2023 | 77.87 | 84.41 | 269.03 | 2.79 | 286.33 |
| 3 | 6.3.2023 | 79.09 | 85.22 | 272.85 | 2.71 | 287.41 |
| 4 | 7.3.2023 | 80.73 | 86.44 | 280.29 | 2.57 | 289.06 |
| 5 | 8.3.2023 | 77.61 | 83.50 | 269.50 | 2.64 | 280.00 |
| 6 | 9.3.2023 | 76.60 | 82.61 | 268.83 | 2.60 | 274.36 |
| 7 | 10.3.2023 | 75.15 | 81.15 | 258.66 | 2.50 | 265.24 |
| 8 | 13.3.2023 | 46.84 | 82.90 | 265.11 | 2.46 | 279.42 |
| 9 | 14.3.2023 | 73.93 | 79.90 | 258.97 | 2.61 | 275.95 |
| 10 | 15.3.2023 | 72.38 | 78.48 | 258.67 | 2.58 | 275.43 |
| 11 | 16.3.2023 | 67.98 | 74.13 | 245.91 | 2.49 | 260.41 |
| 12 | 17.3.2023 | 69.12 | 75.50 | 252.61 | 2.52 | 267.43 |
| 13 | 20.3.2023 | 66.32 | 72.56 | 248.71 | 2.37 | 267.32 |
| 14 | 21.3.2023 | 66.83 | 73.01 | 251.70 | 2.24 | 265.71 |
| 15 | 22.3.2023 | 69.33 | 74.77 | 251.43 | 2.29 | 267.27 |
| 16 | 23.3.2023 | 70.17 | 76.03 | 257.97 | 2.21 | 271.82 |
| 17 | 24.3.2023 | 69.78 | 75.75 | 260.26 | 2.17 | 270.20 |
| 18 | 28.3.2023 | 72.75 | 77.78 | 267.80 | 2.09 | 277.23 |
| 19 | 29.3.2023 | 73.59 | 78.84 | 271.80 | 2.02 | 274.50 |
| 20 | 30.3.2023 | 72.78 | 78.04 | 265.40 | 1.99 | 264.00 |
| 21 | 31.3.2023 | 74.32 | 79.08 | 265.40 | 2.10 | 264.00 |

Source: Bloomberg Commodities

## ၂၀၂၃၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.3.2023 | 1832 | 1836 | N/A | N/A |
| 2 | 3.3.2023 | 1840 | 1844 | N/A | 2840000 |
| 3 | 6.3.2023 | 1857 | 1860 | N/A | 2838500 |
| 4 | 7.3.2023 | 1848 | 1853 | 2837000 | 2834000 |
| 5 | 8.3.2023 | 1811 | 1815 | 2825000 | 2824000 |
| 6 | 9.3.2023 | 1815 | 1819 | N/A | 2827000 |
| 7 | 10.3.2023 | 1830 | 1834 | N/A | 2831000 |
| 8 | 13.3.2023 | 1886 | 1890 | N/A | 2860000 |
| 9 | 14.3.2023 | 1904 | 1908 | 2885000 | 2885000 |
| 10 | 15.3.2023 | 1905 | 1909 | 2875000 | 2873000 |
| 11 | 16.3.2023 | 1915 | 1918 | N/A | 2880000 |
| 12 | 17.3.2023 | 1930 | 1936 | N/A | N/A |
| 13 | 20.3.2023 | 1965 | 1978 | N/A | 2955000 |
| 14 | 21.3.2023 | 1984 | 1990 | N/A | N/A |
| 15 | 22.3.2023 | 1943 | 1949 | N/A | N/A |
| 16 | 23.3.2023 | 1980 | 1984 | N/A | N/A |
| 17 | 24.3.2023 | 1994 | 1997 | N/A | N/A |
| 18 | 28.3.2023 | 1963 | 1967 | N/A | N/A |
| 19 | 29.3.2023 | 1969 | 1972 | N/A | 2909000 |
| 20 | 30.3.2023 | 1965 | 1968 | 2920000 | 2925000 |
| 21 | 31.3.2023 | 1984 | 1987 | 2935000 | 2930000 |

Source: Bullionvault,

## ၂၀၂၃၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.3.2023 | 2880-2885 | 2880-2885 |
| 2 | 3.3.2023 | 2880-2885 | 2875-2880 |
| 3 | 6.3.2023 | 2870-2875 | 2865-2870 |
| 4 | 7.3.2023 | 2865-2870 | 2860-2865 |
| 5 | 8.3.2023 | 2865-2870 | 2865-2870 |
| 6 | 9.3.2023 | 2875-2880 | 2875-2880 |
| 7 | 10.3.2023 | 2875-2880 | 2870-2875 |
| 8 | 13.3.2023 | 2865-2870 | 2860-2865 |
| 9 | 14.3.2023 | 2875-2880 | 2875-2880 |
| 10 | 15.3.2023 | 2870-2875 | 2870-2875 |
| 11 | 16.3.2023 | 2870-2875 | 2870-2875 |
| 12 | 17.3.2023 | 2870-2875 | 2860-2865 |
| 13 | 20.3.2023 | 2875-2875 | 2870-2875 |
| 14 | 21.3.2023 | 2870-2875 | 2870-2875 |
| 15 | 22.3.2023 | 2870-2875 | 2870-2875 |
| 16 | 23.3.2023 | 2870-2875 | 2868-2873 |
| 17 | 24.3.2023 | 2870-2875 | 2870-2875 |
| 18 | 28.3.2023 | 2865-2870 | 2865-2870 |
| 19 | 29.3.2023 | 2865-2870 | 2858-2863 |
| 20 | 30.3.2023 | 2860-2865 | 2860-2865 |
| 21 | 31.3.2023 | 2855-2860 | 2858-2863 |

Source: e trade Myanmar

## ၂၀၂၃၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.3.2023 | 2100.0 | 60.345 | 305.49 | 1565.8 | 25.458 | 1546.4 |
| 2 | 3.3.2023 | 2100.0 | 60.327 | 304.19 | 1559.9 | 25.623 | 1542.1 |
| 3 | 6.3.2023 | 2100.0 | 60.817 | 303.01 | 1560.2 | 25.626 | 1542.9 |
| 4 | 7.3.2023 | 2100.0 | 60.799 | 302.96 | 1560.2 | 25.655 | 1546.8 |
| 5 | 8.3.2023 | 2100.0 | 59.863 | 301.52 | 1550.9 | 25.601 | 1526.6 |
| 6 | 9.3.2023 | 2100.0 | 59.914 | 301.73 | 1553.2 | 25.618 | 1542.0 |
| 7 | 10.3.2023 | 2100.0 | 59.932 | 301.70 | 1549.6 | 25.596 | 1536.8 |
| 8 | 13.3.2023 | 2100.0 | 60.694 | 304.61 | 1558.3 | 25.56 | 1573.4 |
| 9 | 14.3.2023 | 2100.0 | 60.852 | 305.12 | 1558.4 | 25.458 | 1565.5 |
| 10 | 15.3.2023 | 2100.0 | 60.746 | 304.23 | 1559.8 | 25.417 | 1568.5 |
| 11 | 16.3.2023 | 2100.0 | 61.029 | 304.44 | 1558.6 | 25.372 | 1580.2 |
| 12 | 17.3.2023 | 2100.0 | 61.386 | 305.01 | 1563.7 | 25.45 | 1577.9 |
| 13 | 20.3.2023 | 2100.0 | 61.62 | 304.98 | 1564.8 | 25.405 | 1606.9 |
| 14 | 21.3.2023 | 2100.0 | 61.180 | 305.67 | 1570.3 | 25.397 | 1587.2 |
| 15 | 22.3.2023 | 2100.0 | 61.064 | 304.99 | 1573.6 | 25.408 | 1585.7 |
| 16 | 23.3.2023 | 2100.0 | 61.629 | 307.53 | 1582.6 | 25.526 | 1601.3 |
| 17 | 24.3.2023 | 2100.0 | 61.493 | 305.35 | 1574.0 | 25.460 | 1617.9 |
| 18 | 28.3.2023 | 2100.0 | 61.242 | 305.09 | 1580.2 | 25.550 | 1604.5 |
| 19 | 29.3.2023 | 2100.0 | 61.475 | 305.00 | 1580.3 | 25.515 | 1594.4 |
| 20 | 30.3.2023 | 2100.0 | 61.332 | 305.11 | 1580.5 | 25.551 | 1580.8 |
| 21 | 31.3.2023 | 2100.0 | 61.439 | 305.58 | 1579.2 | 25.538 | 1575.0 |

Source: Central Bank of Myanmar